

# ကားမှဲ့ - ကားတဝေဟ

## လက်တွေ့အစီအရင်ကျမ်း

တတ်ယတွဲ

**ဆရာညို**

# မာတိကာ

ကျမ်းပြုဆရာ၏ ကျမ်းဦးအမှာ ၁

**အထူး အစီအရင် ကဏ္ဍ**

အလိုရှိသော မိန်းမကို အခေါ်ခိုင်းတိုင်း
ရသော ရက္ခစိုးစေနည်း ပီယ
အစီအရင် ၅
အပါး(၃၀) အပြီးတိုင် အောင်မြင်သော
ခေတ်လေးပါး အပ်သွင်းနည်း
အစီအရင် ၇
အလိုရှိရာကို စေခိုင်းတိုင်းရသော လျောမွေး
လက်ညှိုး အစီအရင် ၈

**မှော်အစီအရင် ကဏ္ဍ**

ပြောတိုင်း ဆိုတိုင်း အောင်မြင်နိုင်သော
နံ့သာငါးပါး မှော်အစီအရင် ၁၁

## မာတိကာ


ဆုဇ သဗ္ဗ ဂုဏ္ဍိချို (၇)ပါးလုံး
ဆောင်မြှင့်နိုင်သော လက်ဖက်မှော်
သွင်းနည်း အစီအရင် ၁၂

သိဒ္ဓမျိုးစုံ ရရှိနိုင်သော ဘုရားမှော်သွင်း
နည်း အစီအရင် ၁၄

အင်းနှင့်ဒီပံ အစီအရင် ၈ ကွာ

လူမြင်ကာမျှဖြင့် မေတ္တာသား ဝင် ချစ်ခင်
လေးစားရသော ပိယသျှိ သဗ္ဗသျှိ
အင်းအစီအရင် ၁၇

မိမိနှင့်တကွ အိမ်တွင်း ခြံဝင်း ရွာဝင်း
ဟူသမျှ လုံခြုံစိတ်ချရသော ကိုယ်လုံ
ကြီးအင်း အစီအရင် ၂၁

ကြီးလေးကြီး အန္တရာယ်ကင်း
အင်းအစီအရင် ၂၃

ဘေးရန်အပေါင်း လုံခြုံသော ရန်မျိုးလုံ
အင်းအစီအရင် ၂၆

ရန်ရှောင် မီးလွန်းအင်း အစီအရင် ၃၃

နှုတ်အများ ချစ်ခင်မြတ်နိုးသော ဒိဗ္ဗပိယ
ဒိပ်အစီအရင် ၃၇

ပိယာသိဒ္ဓိ မီးထွန်းအင်း အစီအရင် ၄၁

လူတကာ၏ချစ်ခင်မြတ်နိုးမှုခံရသော
သဗ္ဗသိဒ္ဓိ ဒိပ် အစီအရင် ၄၅

ဗုဒ္ဓသာသယအင်း အစီအရင် ၄၀

ရန်ဟူသမျှ ကင်းပျောက်စေနိုင်သော
ရန်ငြိမ်းအင်း အစီအရင် ၅၀

**လက်ဖွဲ့ အစီအရင် ကဏ္ဍ**

ကွဲကွာနေသော လင်မယားကို ပြန်လည်
ပေါင်းသင်းစေနိုင်သော
အကွာဆုံလက်ဖွဲ့ အစီအရင် ၅၃

မိမိအား သတ်ရန်လာသူပင် လက်နက်ချရ
သော နှုတ်ပိုင် ထဆင်ထူးလက်ဖွဲ့
အစီအရင် ၅၆

ပိယာသိဒ္ဓိ အစွမ်းထက်မြက်လှသော စခုပ်
ဖောင်စီးလက်ဖွဲ့ အစီအရင် ၅၉

## မာတိကာ


မိုးဘေးမှ ကင်း၍ ဓား,လှံ,သေနတ်
လက်နက် အန္တရာယ်မျိုးစုံ ကာကွယ်
သော အာကာကြီးလက်ဖွဲ့ အစီအရင် ၆၂

ပီယနှုတ်ငုံ စမလက်ဖွဲ့ အစီအရင် ၆၅

ကုန်ရောင်းရသွက်သော လက်ဖွဲ့အစီအရင် ၆၇

**ရုပ်တုနှင့်ဂဝံ အစီအရင် ကဏ္ဍ**

စီးပွားဉစ္စာ တိုးတက်၍ လာဘ်လာဘ ပေါ
များစေသော ရှင်သီဝလိ အစီအရင် ၆၉

ကိုယ်၌ ထက်ကြပ်မကွာ စောင့်ရှောက်နေ
သော ကိုယ်စောင့်ဝိဇ္ဇာ ရုပ်တု
အစီအရင် ၇၄

ရန်အပေါင်းမှ လွတ်မြောက်စေနိုင်သော
ဥတိန္န အစီအရင် ၇၇

အတိုင်းမသိ လိုတိုင်းရသော ဗောဓိဂဝံ
အစီအရင် ၇၉

ပီယသျှို ရာဇသျှို သဗ္ဗသျှို လက်ဖျံရှိုး
ဂဝံ အစီအရင် ၈၁

# မာတိကာ


အန္တရာယ်နှင့် ကြုံတိုင်း ကြံဖန် သတိရမှ
စောင့်ရှောက်သော မုသာဝါဒဆေး
နွားရုပ် အစီအရင် ၇၄

မီးဘေး ရေဘေး လေဘေး စသော
ဘေးအန္တရာယ် အမျိုးမျိုးတို့မှ
ကင်းလွတ်စေနိုင်သော ရှင်ဥပဂုတ်
ရဟန္တာ ကိုးကွယ်နည်း အစီအရင် ၈၆

## ဆေးနှင့် ဆေးပင် အစီအရင်ကဏ္ဍ

အတည်မပေါတဲ့နှင့် အသုံးပြုပါက ရူးတတ်
သော ပီယဆေး ဂမုန်း အစီအရင် ၉၂

အကြီးအကဲဖြစ်၍ ထင်ပေါ်ကျော်ကြားစေ
နိုင်သော မြည်လုံးချမ်းသာဂမုန်း
အစီအရင် ၉၃

ကိုယ်ပျောက်၍ စုန်း,ဘီလူးတို့ကို မြင်နိုင်
သော ဂုဏ္ဍာသာယဆေး အစီအရင် ၉၇

ဘုန်းပညာရှိသည့် သားကောင်း, သမီး
ကောင်းများကို ရစေနိုင်သော
ရှင်သုဝဏ်ယ်အဖြူ ဂမုန်း စိုက်ပျိုး
နည်း အစီအရင် ၁၀၁

ပယောဂ ဇာတိပြန်ဆေး အစီအရင် ၁၁၃

လူပြု၊ လူပြုနှင့် ရန်သူမျိုးငါးပါး
အန္တရာယ် ကာကွယ်သော အင်း
ဂမုန်း အနက် စိုက်ပျိုးနည်း
အစီအရင် ၁၁၄

ပီယသို့ အတွက် အဆောင် ပန်းပေါင်း
အစီအရင် ၁၁၆

တိုးတက်ကြီးပွားကာ ချီးမြှင့်မစမည့်သူများ
ပေါ်ပေါက်လာစေနိုင်သော
ဘောဂကြီးဂမုန်း စိုက်ပျိုးနည်း
အစီအရင် ၁၁၈

သားဆု၊ သမီးဆု ပန်ဆင်၍ရသော
ရှင်သူငယ်ကလေးဂမုန်း
စိုက်ပျိုးနည်း အစီအရင် ၁၂၁


## ဂါထာမန္တန် အစီအရင် ကဏ္ဍ


မယ်ပြိုင်ပွဲ၊ မောင်ပြိုင်ပွဲ၊ ဘောပွဲ၊
လယ်ထွန်ပွဲစသော အပြိုင်အဆိုင်
ဟူသမျှ အောင်မြင်နိုင်သော
တစ်ပွဲတိုး ညောင်ရွက် အစီအရင် ၁၂၄

မာတိကာ


| | |
|---|---|
| တစ်ပွဲပြန် ထိုးမန်း အစီအရင် | ၁၂၆ |
| မြေကိုနင်းမိသော်လည်း မြေမကိုက်သော မြွေဟန့် အစီအရင် | ၁၂၇ |
| လသာခေါ် ကြက်မင်းဂါထာမန္တန် အစီအရင် | ၁၂၉ |
| ရန်အောင်၍ မျက်နှာပွင့်လန်းသော ယုန်မင်း ဂါထာမန္တန် အစီအရင် | ၁၃၀ |
| တစ်ပွဲပြန် ရှေတ်ကောင်းမန်း အစီအရင် | ၁၃၁ |
| မြေကိုင်, မြေဝင်, မှင်ပျောက်ကင်းသော ထိုးနှင်းမန်း အစီအရင် | ၁၃၂ |
| ခွေးဟန့်ကောင်းလှသော ဂဲမန်း အစီအရင် | ၁၃၃ |
| အကာအကွယ်အတွက် အစွမ်းထက်မြက်လှသော ကွမ်းယာမန်းအစီအရင် | ၁၃၄ |
| ပီယသိဒ္ဓိ,ပီယသျှိ ကွမ်းယာမန်း အစီအရင် | ၁၃၅ |
| ပယောဂ ဆီမန်း ဂါထာမန္တန်အစီအရင် | ၁၃၆ |

# မာတိကာ


| | |
|---|---|
| တုတ်,ခါး တစ်ပွဲပြုန် ငရုတ်ကောင်းမန်း အစီအရင် | ၁၃၇ |
| လက်တွေ့ ပယောဂရေမန်း အစီအရင် | ၁၃၈ |
| ဖုတ်ဝင်လျှင် နှင်ထုတ်ရန် ဖုတ်ပြေး ဂါထာမန္တန် အစီအရင် | ၁၃၉ |
| ဥစ္စာစီးပွား လာဘ်လာဘ ခေါ်ယူသော ဆန်မန်း အစီအရင် | ၁၄၀ |
| ပိယသျှို အတွက် မှန်ကူဆေး, ခတ်ဆေး အစီအရင် | ၁၄၂ |
| အန္တရာယ်ကင်း ကလေးသူငယ် လည်ဆွဲ လက်ဖွဲ့ အစီအရင် | ၁၄၃ |


—

မျိုးဆက်သစ်များအား ပညာအမွေ မပေး
ပစ်ခဲ့သဲ့ ခေါင်းထဲထိအောင် ချိုင်းကြားညှပ်ကာ
ယူဆောင်သွားကြသဖြင့် ပျောက်ကွယ်ကုန် ကြရသော

# ဝိဇ္ဇာယာနပညာ အစီအရင်များ

(ကျမ်းပြု ဆရာ၏ ကျမ်းဦး အမှာ)။

---

'ဗားမဲ့ ဗားတမော့ လက်တွေ့ အစီအရင်ကျမ်း' ပထမတွဲနှင့် ဒုတိယတွဲကို ထုတ်ဝေပြီး ဖြစ်၍ ယခုအခါ တတိယတွဲကို ထုတ်ဝေလိုက်ရပြန်ပေပြီ။

ယင်း ပထမတွဲနှင့် ဒုတိယတွဲတို့တွင် ပါရှိသော အစီအရင်များကို—

- လက်တွေ့ စီရင်ကြည့်သူများ—နှင့်
- ယင်း စီရင် ကြည့်ကြသူများမှ တစ်ဆင့်စကား ပြန်လည် ကြားသိကြရသူများ

မြန်မာနိုင်ငံ အရပ်ရပ်၌ အများအပြား ရှိနေပြီဟု ယူဆမိသည်။

ယင်းသို့ လက်တွေ့ခံရင်ကြည့်ကြခြင်းဖြင့် အစီအရင်များ၏ အညွှန်းအတိုင်း ကိုယ်တွေ့ အကျိုးခံစားရသူ များလည်း အများအပြားပင် ရှိနေကြလိမ့်မည်ဟုလည်း ယုံကြည်မိသည်။

ကိုယ်တွေ့ အကျိုးခံစားရသူများ အနေဖြင့် ဝိဇ္ဇာယာနုပညာရပ်များ၏ နက်ရှိုင်းသည့် စွမ်းအင် သတ္တိထူးများကို သိပ္ပံပညာပေတံဖြင့် အဘယ်ကြောင့် တိုင်းထွာ၍ မမီနိုင်ကြောင်းကိုလည်း ကိုယ်တွေ့ ကိုယ်ကြုံ တအံ့တသြ ရင်ထဲ၌ တသိမ့်သိမ့် ခံစားနေကြလိမ့်မည်ဟုလည်း တစ်ထစ်ချယုံကြည်မိသည်။

ဤ၌ ဝမ်းနည်းစရာကောင်းသည်မှာ သိပ္ပံပညာပေတံဖြင့် တိုင်းထွာ၍ မမီအောင် နက်ရှိုင်းလှသည့် ဝိဇ္ဇာယာနုပညာ အစီအရင်များကို ကျွန်ုပ်တော်၏ မျက်မှောက်ခေတ်၌တွေ့ရှိသင့်သလောက် မတွေ့ရှိရခြင်းပင် ဖြစ်သည်။

ယင်းသို့ မတွေ့ရှိရခြင်းမှာ ရှေးက အချို့ဝိဇ္ဇာယာနုပညာရှင်ကြီးများက မျိုးဆက်သစ်များအား ယင်းပညာရပ်များကို မပေးရက် မပေးခဲ့ဘဲ ခေါင်းထဲထိအောင် ချိုင်းကြားညှပ်ကာ ယူဆောင်သွားကြသောကြောင့် ဖြစ်သည်။ အလွန့်အလွန် ဝမ်းနည်းဖွယ်ကောင်းလှသော ဖြစ်ရပ်ပင်တည်း။

လွန်ခဲ့သော နှစ်ပေါင်း ၈၀၀ ကျော် ၉၀၀ ပတ်ဝန်းကျင် အချိန်က တည်ရှိခဲ့သော ဗားမဲ့ ဗားတမော့ဆရာတော်များ၏ အစီအရင်များကိုပင် ယခုအခါ အကုန်အစင် မတွေ့ရှိရတော့ပေ၊ အချို့မှာ ပျောက်ကွယ်ကုန်ကြပြီ ဖြစ်သည်။

ကျမ်းဦးအမှာ

ထို့ကြောင့်ကျွန်တော်တို့သည် ယင်းအစီအရင်များကိုရနိုင်သမျှ စုဆောင်းကာ 'ဗားမဲ့ ·ဗားတမော့ အစီအရင်ကျမ်း' အမည်ဖြင့် ပထမတွဲ ဒုတိယတွဲ တတိယတွဲ သုံးတွဲ ထုတ်ဝေလိုက်ရခြင်း ဖြစ်ပေသည်။

နောင် အခြေအနေအရ အချိန်အခါအရ စတုတ္ထတွဲ စသည်တို့ကို ဆက်လက် ထုတ်ဝေသွားရန်လည်း ရည်ရွယ်ထားကြောင်း ကြိုတင် ဖော်ပြလိုက်ရပေသတည်း။

ကျမ်းပြုဆရာ

ဆရာညို

၂၅-၃-၄၈

# ထားပုံ·ထားတဟော

## လက်တွေ့အစီအရင်ကျမ်း

## တတိယတွဲ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## အထူး အစီ အရင် ကဏ္ဍ

အလိုရှိသောမိန်းမကို အခေါ်ခိုင်းတိုင်းရသော

ရက္ခစိုးစေနည်း ပီယ အစီအရင်

စီရင်နည်း—စီရင်ဟန်

ခေါခွက်၌ ထမင်းတင်၍ အကြော် – အလျော် ထည့်ပြီးလျှင် အဓိကရ နတ်ရဲသော သစ်ပင်တွင် ခေါကို ထားရမည်၊ ခေါအောက်၌ ငွေငါးမတ်မြှုပ်၍ သစ်ပင်ကို ခြေနှင့်ကျောက်ပြီးလျှင် အောက်ပါ ဂါထာမန္တန်ဖြင့် (၇)အုပ်မန်း၍ ခေါ် ရမည်။

## အခေါ် ဂါထာမန္တန်

ဥုံ ယက္ခနိ ယက္ခနိ ယက္ခာ ဟေဟိ ဟေဟိ။

ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့် (၇) အုပ်မန်း၍ ချုပ်ရမည်။

## အချုပ် ဂါထာမန္တန်

ဥုံ ရက္ခတ ဒေဝတာ သွာဟာ။

## အညွှန်း

- ချုပ်ပြီးလျှင် လိုရာဆုတောင်းပြီးနောက် 'ဆရာနတ်မြတ် ရက္ခစိုး – တန်ခိုးတိုးပါသည်' ဟုဆို၍ ပြန်လာခဲ့ရမည်။
- ညအခါကာလ လိုသူ၏အိမ်ကိုသွား၍ ခေါ်လေ လိုသူ လိုက်လာလိမ့်မည်။
- လိုက်လာလျှင် လိုအင်ဆန္ဒ ပြည့်ဝပြီဟု မှတ်ပါ။

သို့သော် အတည်ယူမှ ဤနည်းကို သုံးပါ၊ အတည်မယူတဲ့နှင့် မသုံးပါနှင့်၊ ထို့ပြင် ကာမေသုမိစ္ဆာစာရကို အထူးရှောင်ကြဉ်ပါ။

## အပါး (၃၀) အပြီးတိုင် အောင်မြင်သော

## ခေတ်လေးပါး အပ်သွင်းနည်း အစီအရင်

### စီရင်နည်း စီရင်ဟန်

အောက်၌ ဖော်ပြထားသော....

၁။ ရွှေ ၃။ ကြေးနီ
၂။ မိုးကြိုး ၄။ ငွေ

ခေတ်လေးပါးကို အမျှစီပေါင်း၍ အပ်လုပ်ရမည်။

ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့် ဘုရားရှေ့၌ ၃၀၀၀၊ နတ်ရှေ့၌ ၃၀၀၀၊ သချိုင်း၌ ၃၀၀၀ စီ စုတ်ရမည်။

### ဂါထာမန္တန်

ဥုံ ထူရဿတိ ပိယံ မမ ကျွန်းကြီး ဇမ္ဗူဒီပါ၊ သာသည့် လေးမျက်နှာ၊ အခြေလေးခု စတုဒီသာ၊ အနောက် သံလျက်ခေါင်းဆောင်ကာ၊ အရှေ့သံလျက် ခေါင်းဆောင်ကာ၊ မြောက် သံလျက် ခေါင်းဆောင် ကာ ဥုံ သိရိ သိရိ မဟာသိရိ ပုပ္ဖွတ္တ သွာဟ။

အညွှန်း

.... ကြို့း၊ သံခြေချင်း၊ ခား၊ လှံ၊ သေနတ်၊ သစ်ချွန် စသည်ဖြင့် အပါး ၃၀ ငြိုး၏၊ ယုံမှားမရှိလေနှင့်။

.... တစ်စုံတစ်ရာ အမှုကိစ္စ ပေါ်ပေါက်မည် ဆိုပါက သွင်းထားသောအပ် တုန်လှုပ်လိမ့်မည်၊ ထိုအခါ သတိရှိဖို့လိုပေသည်။

သို့သော် မိမိကိုယ်တိုင် သစ္စာ သမာဓိရှိနေရမည် ၊ ငါးပါး သီလ လုံခြုံပါက ပိုမို၍ အစွမ်းထက်မြက်မည်။

....o....

အလိုရှိရာကို စေခိုင်းတိုင်းရသော

**လျှောမွေးလက်ညှိုးအစီအရင်**

**စီရင်နည်း စီရင်ဟန်**

လျှောမွေး လက်ညှိုးကို ပုဆိုးဖြူ ၄ ထပ်နှင့် ထုပ်၍ သွားနှင့် ကိုက်ယူပါ။

ထို့နောက် ပန်းနုံ့သာရေ စသော အမွှေးအကြိုင်များနှင့် လူး၍ နတ်ကြီးစင်ရှေ့၌ အောက်ပါဂါထာမန္တန်ဖြင့် ၁၀၀၀ အုပ် စုတ်ရမည်။

## ဂါထာမန္တန်

ဥုံ စန္ဒီ မဟာစန္ဒီဒေဝီ သတ္တကူ ဟာရှက်။

ပြီးလျှင် အောက်ပါ ဂါထာမန္တန်ဖြင့် ၇၇ အုပ်စုတ်၍ အသက်သွင်းရမည်။

## အသက်သွင်းဂါထာမန္တန်

ဥုံ ငမူ ငမူ ဝင်ဆရာဝင်၊ ဥုံ ရုက္ခသာ ဒေဝတာ ဝင်ဆရာ ဝင်၊ အဏ္ဏဘယံ ဝင်ကုန်ဆရာ ဝင် ဝင်ကုန်။

## အညွှန်း

.... အသက်သွင်းပြီးသော အခါ၌ကား စေခိုင်းလို့တိုင်း ရပြီ ဖြစ်သည်။

.... စမ်းကြည့်လိုပါက ယင်းပုံအတွင်းမှာပင် လက်ညှိုး ညွှန်၍ စမ်းကြည့်ပါ၊ အသက်ဝင်လျှင် လက်ညှိုး ညွှန်တိုင်း ကိစ္စပြီး၏။

.... အကယ်၍ လက်ညှိုးညွှန်တိုင်း ကိစ္စမပြီးသေးပါက အသက်မဝင်သေးဟု မှတ်ရမည်၊ အထက်ပါ မန္တာန် ဖြင့် ထပ်၍ အသက်သွင်းပါလေဦး။

..... ညွှန်းသမျှ ကိစ္စပြီး၍ စေသမျှရသဖြင့် သဗ္ဗသျှိုးခြွိ အတုမရှိတည်း။

ဆိုသော် သစ္စာလည်းရှိပါစေ၊ ကာမေသု မိစ္ဆာစာရကို လည်း ရှောင်ကြဉ်ပါလော။

....o....

# မှော်အစီအရင်ကဏ္ဍ

ပြောတိုင်း ဆိုတိုင်း အောင်မြင်နိုင်သော

ဂါထာသယ

**နံ့သာငါးပါး မှော်သွင်းနည်း၊ အစီအရင်**

စီရင်နည်း စီရင်ဟန်

နံ့သာငါးပါးရေကို တလမယ်ခန့် အရေ ရအောင် မပျစ် မကျဲ သွေးပြီးလျှင် ယင်း နံ့သာငါးပါးရေကို အောက်ပါ ဂါထာမန္တန်ဖြင့် ၃၇ အုပ် စုပ်ရမည်။

ဂါထာ မန္တန်

ဦး ဇမ္ဗူဒီပါ၊ ကျွန်းသာယာက၊ လာသည့်နတ် ကြီး၊ နတ်မင်းကြီး၊ မင်းဆရာ၊ အလျှင်းလာ၏၊ ရတနာ ဆင်မြင်း၊ ဗိုလ်သင်းပင်း၊ နတ်မင်းမနေ၊ ငါ့နှုတ်ခမ်း တွင် နေနှင့်စေ၊ ဦး ဒေဝါ ဒေဝါ မှိုင်းဆရာ မှိုင်း။

ထို့နောက် ရက်ပေါင်း ၄၀ အတွင်း နေ့စဉ် နေ့တိုင်း ယင်းမန္တန်ကို စုတ်၍ ယင်းနံ့သာရေကို နေ့စဉ် လျက်ရမည်၊ ရက် ၄၀ စေ့လျှင် ယင်းနံ့သာရေ ကုန်စေရမည်။

ထိုအခါ 'နံ့သာငါးပါးမှော်' အောင်ပြီဟု မှတ်ယူရမည်။

အညွှန်း

- အလိုရှိရာကို ပြောဆိုက ပြောဆိုတိုင်း အောင်မြင်၏။
- သူခပ်သိမ်းတို့ ချစ်ခင် မြတ်နိုးကြကုန်၏။

မှော်သွင်းပြီးပါက မိမိကိုယ်တိုင် ကိုယ်ကျင့်သိက္ခာရှိဖို့လိုသည်၊ ကာမေသုကိုလည်း ရှောင်ကြဉ်ဖို့ လိုသည်၊ ဤအချက်များကို သတိပြုပါ။

× × ×

ရာဇသျှိ သဗ္ဗသျှိ ဣတ္ထိသျှိ သုံးပါးလုံး
အောင်မြင်နိုင်သော

**လက်ဖက်မှော်သွင်းနည်း အစီအရင်**

စီရင်နည်း စီရင်ဟန်

လက်ဖက် ၂၅ ကျပ်သားကို ယူ၍ ၁၅ ကျပ်သားကို ဘုရားတင်ပြီးလျှင် ကျန် ၁၀ ကျပ်သားကို ဘုရားရှေ့တော်တွင် အောက်ပါ ဂါထာမန္တန်ဖြင့် မိမိသက်စေ့ ရုတ်ရမည်။

## ဂါထာ မန္တန်

ဥုံ အစိန္တေယျ အစိန္တေယျ၊ ကောဏ္ဍသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ၊ ဘုရား ငါးဆူ၊ သင်္ကန်းဝင်၊ ဇော်ဝင်၊ ရှာန်ဝင်၊ မဟာဝဿဝရော၊ ဗောဓိကတ်၊ ညောင်တော်ခြေရင်းပေါ၊ အို ဘုရား၊ အို တရား၊ အို သံဃာ၊ အရေတော်ကား ရွှေစင်အလား၊ ဦးခေါင်းတော်ကား မြင့်မိုရ်တောင်၊ မျက်လုံးတော်ကား ပုလဲဆင်း၊ သွားတော်ကား ဝဇိန်၊ လည်ပင်းတော်ကား သံခဲ၊ ခြေတော်နှစ်ချောင်းကား ဗောဓိညောင်တော် အမြစ်တည်း၊ အိုဘုရားရှင် ပညာတော်၊ တိုး၍ မပေါက်၊ စုတ်၍ မပြဲ၊ ဆွဲ၍ မနိုင်၊ ကိုင်၍ မဖြစ်၊ ပစ်၍ မမှန်၊ အရဟံ ခံဆရာခံ၊ ကွယ်ဆရာ ကွယ်။

## အညွန်း

- ယင်းသို့စုတ်ပြီးနောက် ယင်းလက်ဖက် ၁၅ ကျပ်သားကို ၇ ရက်တွင်း ကုန်အောင် စားသောက်ရမည်။
- လက်ဖက်မှော်အောင်ပါက ရာဇသျှို-သဗ္ဗသျှို ဣတ္တိသျှို သုံးပါးလုံး၌ အပြီးတိုင်၏။

သို့သော် ငါးပါးသီလတွင် တစ်ပါးပါးကို လုံခြုံအောင် ထိန်းသိမ်းရမည်၊ သစ္စာရှိရမည်။

ပထဝီသိဒ္ဓိ, အာကာသသိဒ္ဓိ, ဥဒကသိဒ္ဓိ, ဝိယသိဒ္ဓိ
စသည့် သိဒ္ဓိမျိုးစုံ ရရှိနိုင်သော

ဘုရားမှော်သွင်းနည်း အစီအရင်

စီရင်နည်း--စီရင်ဟန်

မိုင်းကိုင်စက္ကူ၌ ခဲတံဖြင့် အောက်ပါ ဂါထာမန္တန်(၁၀) ပုဒ်ကို ၁၀ ကြောင်းရေး၍ ပြာချရမည်။

ဂါထာ မန္တန်

(၁) ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောက။

(၂) ဣဘဒ္ဒေါပါမ္ဗုတိ ရဝိန္ဒေပိ ဟံဇ္ဇာ သုသော သစ ဂဘ္ဘူမ္မာရတော ဂသ ကာလောဝါ ပိမ္ဗုသက။

(၃) ဣန္နောစသဘာပိ ဂဏဒ္ဒေါပါဟံ ဘလောမွဇ္ဇာ မ္မာဝါး တိသု ရမ္ဗုရသောတော သဝိသက။

(၄) ဣဏမ္မာသောန္နောဒ္ဒေါဝါပါတောစဟံ တိသသဘသု ဝိဘလောရ သပိမ္ဗမ္ဗုဂ ဂဇ္ဇာရက။

(၅) ဣတောသုမ္ဗဏစ ဝမ္ဗုဟံ ဘဂသောတိလော ဂန္နောသ ရဇ္ဇာဒေါသ သရုဝါဘုပိက။

(၆) ဣမ္ဗုလောသတောမ္မာဂ သသုဟံန္နော ရမ္မတူ သဝါကာ ဂရဘစသောဇ္ဇာပိ ဝိတိဒ္ဒေါက။

(၇) ဣသာသလောမ္ဗုသူ ဝဏ္ဏာလောဏံ ကာပိသန္တော ဂဝိတော ရရတိမ္ဗာမ္ဗတဒ္ဓေါဂဘူ စက။

(၈) ဣဏ္ဏာဂမ္ဘသလော ဝိတုသဟ် တောဒ္ဓါသော ကာရဂမ္ဘုပိရ ဘုသုသစ ဝါန္တောမာက။

(၉) ဣဘရသဏ္ဍာသဂတိ ဂဟံမ္ဗုစမ္ဗတောပိုဝါသဒ္ဓေါ ရန္တော လောသောသမ္ဗာဝိကာသုက။

(၁၀) ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောက။

ရာဇမတ်ကာပြီးလျှင် ရာဇမတ်အတွင်း၌ ဝက်သား သုံးဆယ်သားကို ဆီငါးကျပ်သားနှင့် ရွှေ ကြက်သွန် သင့်အောင်ထည့်၊ အထက်ပါ ဂါထာပြာကိုလည်းထည့်၍ အိုးသစ်နှင့် ချက်ရမည်။

ဆီးသား ယောက်မနှင့် မွှေ၍ ဆီးသားထင်းနှင့် ဆီပြန်အောင် ချက်ရမည်။

ဆီးသားထင်းမှာ စားမည့်သူ၏အတောင်ဖြင့် တစ်တောင်တောင်၍ သုံးချောင်းဖြတ်ပါ၊ သုံးချောင်းကိုလည်း တစ်ချောင်း တစ်ချောင်းကို သုံးစိတ်စီ ခွဲပြီးမှ မီးဆိုက်ရမည်။

ယင်းသို့ ချက်နေစဉ်အတွင်း အထက်ပါ ဂါထာမန္တန် ၉ ပုဒ်ကို မိမိသက်စေ့ ပြည့်အောင် ရွတ်ဆိုရမည်။

ဝက်သား ကျက်သောအခါ ငါးပါးသီလ ခံယူ ဆောက်တည်ပြီးလျှင် ယင်းဝက်သားဟင်းကိုထမင်းလွှတ်ကုန်အောင် စားရမည်။

အညွှန်း

.... ယင်းဘုရားမှော် အောင်ပါက ပထဝီ, ဥဒက, အာကာသ, ဒေဝတာ, ရာဇာ, ဣတ္ထိ သိဒ္ဓိမျိုးတို့ အပြင် အနုရှိန်းနှင့် တကွ ဆေးဝါးများ အထိ အစွမ်းထက်လှကြောင်း အညွှန်းရှိသည်။

.... ရာဇသျှိုကို လိုသော် မိမိကိုယ်ကို ၄ံ့လျှိုးဟန် ပြု၍ သွားပါ။

.... ဣတ္ထိသျှိုကို လိုသော် ပြုံးရယ်ဟန်ပြု၍ သွားပါ။

.... သဗ္ဗသျှိုကိုလိုသော် လက်ပိုက်ဟန်ပြု၍ သွားပါ။

.... မိမိ လိုအင်ဆန္ဒပြည့်ဝမည်၊ ရန်သူဟူသမျှ အောင်မြင် မည်၊ ခရီးလျှင်မည်။

.... ရေဘေးနှင့် ကြုံတွေ့ရသော်လည်း ရေမနစ်နိုင်။

.... ကောင်းကင်သို့ပင် ဆောင်နိုင်မည်။

.... နတ်ကောင်းနတ်မြတ် အပေါင်းတို့ ချစ်ခင်မြတ်နိုး၍ အမြဲ စောင့်မ, စောင့်ရှောက်မည်။

ထိုသော် ငါးပါးသီလ မြဲဖို့တော့ သတိပြုပါ၊ ငါးပါး သီလ မမြဲလျှင် မှော်ပေါက်လိမ့်မည် ဖြစ်သောကြောင့်တည်း။

# အင်းနှင့် ဒိပံ အစီအရင်ကဏ္ဍ

လှူမြင်ကာမျှဖြင့် မေတ္တာသက်ဝင် ချစ်ခင်
လေးစားရသော

ပီယသျှို–သမ္ဗသျှိုအင်း အစီအရင်

↓

| | | | |
|---|---|---|---|
| | ခ | င | |
| လ | ဆ | ခ | ဆ |
| င | လ | င | ခ |
| | ဆ | လ | |

သမ္ဗသျှိုအင်း။

စီရင်နည်း စီရင်ဟန်

ဤ ပီယသျှို သမ္ဗသျှိုအင်းကို နှစ်ဘက်မြင် အမြိတ္တဲစုတ်ကြိုက် ဝင်နက္ခတ် သောကြာနေ့ နေဝန်းပေါ်ချိန်၌ စီရင်

2 ရမည်။

ရွှေပြား, ငွေပြား,သလွဲခင်ပြားတို့တွင် စီရင်၍ ငွေကြုတ်နှင့် ဆောင်ရမည်။

ရေးသွင်းရမည့် အင်းဆန်မှာ အောက်ပါ အက္ခရာများဖြစ်သည်၊ အင်းဆန်များကို ပီပီသသရေးဖို့ အထူး သတိပြုရမည်။

## အင်းဆန်

ခ—ဆ—လ—င။

## အစုတ် ဂါထာမန္တန်

ယင်းသို့ အင်းဆန်သွင်း စီရင်ပြီးလျှင် အောက်ပါအစုံတ် ဂါထာမန္တန်ဖြင့် ၁၀၈ အုပ် စုတ်ရမည်။

ဥုံ သိဒ္ဓိဒေဝီယာ သဗ္ဗပီယံ စတုအက္ခရ ယောဂ သဗ္ဗသုခံ သုရဿတိ၀ါ စန္ဒိ၀ါ ဝိဇ္ဇာ ယောဂေန ပီယံ ပီယံ သုခံ သုခံ လာဘံ လာဘံ မဟာန္တ ပီယ သိဒ္ဓိကံ ဒေဝီယာ ဒေဝီယာ သွာဟုံ။

## အညွန့်း

— ဤအင်းကို ဆောင်ထားရုံမျှဖြင့် သွားလေရာ ရောက်လေရာ နေလေရာ အရပ်တို့၌ ရန်သူပင် ဖြစ်စေကာမူ မိတ်ဆွေကဲ့သို့ ခင်မင်လာရမည်။

- မိမိအား အသက်အန္တရာယ်ကို ပြုမည့်သူပင် ဖြစ်စေကာမူ မိမိ၏ ဂေါးတစ်ခွန်း ဟရုံဖြင့် မေတ္တာသက်ဝင်လာကာ အကျိုးဆောင်သူ ဖြစ်လာရမည်။

- အန်ုပီယာသို့ အရာ၌လည်း ညွှန်းမပြနိုင်အောင် အလွန် အကျိုးထက်မြက် စူးရှလှသည်။

- မိမိထံမှ ပစ္စည်းကို လုယက်ရန် လာသူပင် လုယက်ခြင်းငှာ မစွမ်းနိုင်၊ မိမိက ဂေါးတစ်ခွန်းဟရုံဖြင့် သူ့ထံမှ ပစ္စည်းကိုပင် ပေးခဲ့၍ ပြန်သွားရမည်။

- တရားရုံး၌ မိမိအား ပြစ်ဒဏ်ချမှတ်မည့် တရားသူကြီးဖြစ်စေကာမူ မိမိ၏မျက်နှာကို မြင်ရုံ အသံကိုကြားရုံဖြင့်အပြစ်မှ လွှတ်ရမည်၊ဆုလာဘ်ကိုပင် ပေးရမည်။

- မယဉ်ပါးဘဲ ကြမ်းတမ်း ခက်ထန်သော သားရဲတိရစ္ဆာန်ပင် ဖြစ်သော်လည်း အန္တရာယ် မပြုဘဲ ရှောင်လွှဲသွားရမည်။

- ချောက်ချား ဖမ်းစားတတ်သော ပုတ်, တစ္ဆေ, ကြတ်, သူရဲ, သဘက်, အစိမ်းအဝါး များသည် မခြောက်မလှန့် မဖမ်းစားရုံသာမက မိမိအား စောင့်ရှောက်ခြင်း ပြုကြလိမ့်မည်။

- ကာကနဲ့ ကာကနီ ဇော်ဂနီ ဇော်ဂနဲ့ ဝဲပျံ့ တောက်စား စုန်းကားတတွေ ကဝေအစ ပါပြည်စ်ကျ ဒုစရိုက်မျိုး သူဆိုးတို့လည်း အကျိုးမဲ့ကိုမပြုနိုင်ရှိ သာမကချစ်ခင်စွာစောင့်ရှောက်ခြင်းကို ခံရမည်။

- ဘေးအန္တရာယ် များသော လမ်းခရီး ဘေးအန္တရာယ် များသော အရပ်ဒေသတို့၌ ဤအင်းကို ဆောင်ထားပါက အန္တရာယ်ဟူသမျှ ပပျောက်၍ အေးချမ်းခြင်း ဖြစ်ရမည်။

- လာဘ်ကိုလိုသော် လာဘ်ရရမည်။

- ဘုန်းကျက်သရေကိုလိုသော် ဘုန်းကျက်သရေတိုး ရမည်။

- စီးပွားကို လိုသော် စီးပွားဥစ္စာ တိုးတက်ရမည်။

- လူအပေါင်းတို့ ချစ်ခင်မြတ်နိုးခြင်း လိုသော် လူအပေါင်းတို့၏ချစ်ခင် မြတ်နိုးမှုကို ခံယူရရှိရမည်။

- နတ်ဆိုး ဘီလူးဆိုးတို့၏ ချစ်ခင် မြတ်နိုးခြင်းကို ခံယူရမည်။

- နတ်ကောင်း နတ်မြတ်များ၏ လေးမြတ်မှု ကြည်ဖြူမှု စောင့်ရှောက်မှုကို ခံယူရမည်။

အထူးမှာကြားလိုသည်မှာ နေ့စဉ် အလှူဒါနပြုလုပ်တိုင်း မိမိ၏ ကိုယ်စောင့်နတ်နှင့်အိမ်စောင့်နတ်များအား မိမိအလှူဒါန၏ ကုသိုလ်အဖို့ဘာဂကို အမျှပေးရန် မမေ့လျော့ဖို့ လိုသည်။ သို့မှသာ နတ်ကောင်း နတ်မြတ်များက အထူး ကြည်ဖြူစောင့်ရှောက်ကြလိမ့်မည်။

ဤအင်း၏ အကျိုးကား ညွှန်း၍ မကုန်နိုင်၊ အင်းဆန် စမ အက္ခရာများ၏ အကျိုးသွားကို ဝိဇ္ဇာယနပညာ အမြင်ဖြင့် ကြည့်၍ ဉာဏ်ရှိတိုင်း သုံးစွဲနိုင်သည်။

....o....

မိမိနှင့်တကွ အိမ်ဝင်း၊ ခြံဝင်း၊ ရွာဝင်း ဟူသမျှ
လုံခြုံစိတ်ချရသော
ကိုယ်လုံကြီးအင်း အစီအရင်

| | | | | |
|---|---|---|---|---|
| ကာ | ဘ | ရုံ | ဘ | ကာ |
| ဘ | ကာ | ဘ | ကော | ဘ |
| ရုံ | ဘ | ကာ | ဘ | ရုံ |
| ဘ | ဂေါ | ဘ | ကာ | ဘ |
| ကာ | ဘ | ရုံ | ဘ | ကာ |

ကိုယ်လုံကြီးအင်း။

## စီရင်နည်း စီရင်ဟန်

ဤကိုယ်လုံကြီးအင်းကို နှစ်ဖက်မြင် ထက်နက်ပွတ် သိဒ္ဓိ စုံထက်ကြိုက် အင်္ဂါနေ့ ဆွမ်းခံဝင်ချိန်၌ သိမ်ဝင်ကြေးပြားတွင် စီရင်ရမည်။

ယင်းကြေးပြားကို ဇပ်ပြီးလျှင် ငွေကြုတ်နှင့်လည်ပင်းတွင် ဆွဲ၍ ဆောင်ရမည်။

ရေးသွင်းရမည့် အင်းဆန့်များမှာ အောက်ပါ အက္ခရာများဖြစ်သည်။

### အင်းဆန်

ဏ–ဘ–ရုံ။

### • အင်းအန်ရေးသွင်းနည်း

.... အလယ် အင်းကွက်ကွင်လည်းကောင်း၊ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟု ထောင့်ကွက်များတွင်လည်းကောင်း 'ဏကြီး' အက္ခရာကို ရေးသွင်းရမည်။

.... အရှေ့၊ တောင်၊ အနောက်၊ မြောက် မျက်နှာ အင်းကွက်များတွင် 'ရုံ' အက္ခရာကို ရေးသွင်းရမည်။

.... အလယ်အင်းကွက် 'ဏကြီး'မှ အရှေ့၊ တောင်၊ အနောက်၊ မြောက်ရှိ 'ရုံ' အကြားတွင် 'ဘ' အက္ခရာကို ရေးသွင်းရမည်။

.... ထို့အတူ ဟနုဂ်ဒွေ၊ အဂ်ိ၊ စနေ၊ ရာဟုထောင့်ရှိ 'ဏကြီး'နှင့် 'ရုံ' အကြား အင်းကွက်များတွင် 'ဘ'ကို အစဉ်အတိုင်း ရေးသွင်းရမည်။

.... ကျန် အင်းကွက် လေးကွက်တွင် 'က၊ ကော၊ က၊ ဂေါ' ရေးသွင်းရမည်။

## အစုတ် ဂါထာ မန္တန်

ယင်းသို့ ရေးသွင်းပြီးနောက် အောက်ပါ ဂါထာမန္တန်ဖြင့် ၁၀၈ အုပ် စုတ်ရမည်။

ဥုံ နမောမဟာံ ကကော ကံဂေါ၊
စတု ဗုဒ္ဓံ စတု သစ္စံ။
သိဒ္ဓိကမ္မံ သိဒ္ဓိယောဂံ၊
ယက္ခဝေရ ပမောစနံ။
ဣဿရံ သိဒ္ဓိ နမော ဗုဒ္ဓါ သွဟုံ။

ဤ အစုတ်ဂါထာ မန္တန်ကို ရွတ်ဆိုသော အခါ၌ ဗျည်း ကရိုဏ်းကျကျ ပီပီပြင်ပြင် ရွတ်ဆိုနိုင်ဖို့ သတိပြုရမည်။

## အညွှန်း

.... သုံးဆယ်သော ဘီလူး၊ သုံးဦးသော လူ၊ တော်တွံသ မျည်း၊ စာမမှိုး၊ ညာဏ်နှိုးလို့ ကူ၊ ဘီလူး အစား၊ မခိဋ္ဌြား၊ ညာဏ်များတဲ့ လူ။

.... ခရှ အဆန်၊ လူ + ဦး = လူဒွာညာဏ်၊ အုန်းသီး တူနက်၊ အအံချောင်၊ ဘုန်းကြီးလူထွက် ညာဏ် ပြောင်။

.... ဘုန်းကြီးသောသူ၊ ညာဏ်ယှဉ်ဖက်၍၊ ထွက်ခဲ့မူ၊ မပြုရန်လှေး၊ ကင်းဝေးပေဟန်၊ 'ဇာဘရိ' အမှန် ကူ၊ 'နုဘယ်' 'သဒ္ဒါမူ၊ သဒ္ဒါမမှန်၊ ခရာ မှန်၊ ဝေါဟာမှန်သောအား၊ သိဒ္ဓိပွားၐ်။

.... ဤအင်းသည် ဘေးရန် အန္တရာယ် ဟူသမျှမှ လုံ သည်၊ ဘေးအပေါင်းမှ ကင်းဝေးသည်။

.... ရန်သူမျိုးငါးပါးမှ လုံခြုံသည်၊ မကောင်းသော ပြူမျိုး၊ တိုက်မျိုး၊ ဖမ်းစားမျိုး ဟူသမျှတို့မှ လုံခြုံသည်။

.... ကိုယ်လုံသည်၊ အိမ်လုံသည်၊ မြို့ဝင်းလုံသည်၊ ရွာ လုံသည်၊ မကောင်းကြမ္မာနှင့် စပ်သမျှ မထိမခိုက် နိုင်အောင် လုံခြုံသည်။

.... အကျယ်ပွားက အကျိုးများပြားလှသည်။ ညာဏ် နှင့် နှီးသမျှ အကျိုးရှိသည်။

ဤအင်းမှာ မိမိ၏ ဉာဏ်သည်ပင် မိမိအဖို့ အညွှန်းပင် တည်းဟူ၍ ပေစာမူ၌ ဖော်ပြထားသည်။

ဝိဇ္ဇာယာဉ လောကီပညာ သုတေသီတိုင်း အင်းဆန်ဖြစ်သော ဤ 'ဇ ဘ ရ' အက္ခရာများ၏ အကျိုးအာနိသင် ကြီးကျယ် မြင့်မားပုံကို သိရှိ နားလည်ထားကြပြီး ဖြစ်သည်။

....၀....

ကြီးလေးကြီး

အန္တရာယ်ကင်း အင်းအစီအရင်

| | | | |
|---|---|---|---|
| | ဉ | ည | |
| ဃ | ဏ | ဉ | ဏ |
| ည | ဃ | ည | ဉ |
| | ဏ | ဃ | |

အန္တရာယ်ကင်း။

## စီရင်နည်း စီရင်ဟန်

ဤ ကြိုးလေးကြိုး အန္တရာယ်ကင်း အင်းကို နှစ်ဖက်မြင်အောက်နကွက် အမြဲတွ စုတ်ကြိုက် ဗုဒ္ဓဟူးနေ့၏ ညနေခင်း နေချိချိန်၌ ကြေးကမ္ဗဝါတွင် ဖြစ်စေ၊ သိမ်ဝင် ကြေးပြားတွင် ဖြစ်စေ စီရင်ရမည်။

ယင်းအင်းကို ငွေကြုတ်နှင့်ထည့်၍ ဆောင်ရမည်။

ရေးသွင်းရမည့် အင်းဆန်များမှာ အောက်ပါ အက္ခရာများ ဖြစ်သည်။

### အင်းဆန်

ဋ ဏ ဿ ည

### အစုတ်ဂါထာ မန္တန်

ယင်းသို့ အင်းဆန် သွင်းပြီးနောက် အောက်ပါ ဂါထာ မန္တန်ဖြင့် ၁၀၈ အုပ် စုတ်ရမည်။

ဥါ ဋကာရံ ဗာဋဝါရေယျ၊
ဏကာရံ ဒဏ္ဍပဟာယိ။
ဿကာရံ ဝေရထာတနံ၊
ညကာရံ ဉာဏမေဓာစယိ။
နမော ဗုဒ္ဓါယ စတုအက္ခရယောဂတော

မဟိဒ္ဓိ သိဒ္ဓိကမ္မံ၊ ဝိဇ္ဇာယောဂံ
ဝေတုဓာတု ပသိဒ္ဓိယာ သွဟုံ။

အညွန်း

— 'ဓူကြီး'အက္ခရာသည် မကောင်းသော အနိဋ္ဌဘေး ရန်ကို တဖျင့်တပါး လွင့်ရှား ကင်းဝေးတတ်၏။

— 'ကကြီး'အက္ခရာသည် ဘေးရန် အန္တရာယ်ဟူသမျှ ကို လောင်မြိုက် ပျက်စီးစေတတ်သည်။

— 'သကြီး'အပ္ခရာသည် သူတပါး၏ မကောင်းကြံ သမျှကို တည်တုံ့ခိုင်မာစွာ တားဆီးပိတ်ပင်တတ် သည်။

— 'ညကြီး'အက္ခရာသည် ဘေးရန် အန္တရာယ်ဟူသမျှ ခအေးငြိမ်း ချမ်းသာစေတတ်သည်၊ ဘေးရန်အန္တ ရာယ်ကို ကြိုတင်၍ ငြိမ်းစေတတ်သည်။

— ထို့ကြောင့် ဤ ကြီးလေးကြီး အန္တရာယ်ကင်း အင်း ဆောင်ထားရုံမျှဖြင့်ပင် သူခိုး,ဓားပြ မကြံ နိုင်၊ မည်သို့သော ရန်သူပင် ဖြစ်စေကာမူ မိမိ အား မပြု,မကြံနိုင်။

— စုန်းပယောဂ၊ သူပြု လူပြု၊ အတိုက်အခိုက် အပြု အကြံမျိုး ဟူသမျှ မထိရောက်နိုင်။

- မိမိအား သူတထူး မကောင်းကြံသမျှ၊ ပြုသမျှ မထိမခိုက်နိုင်။
- မကောင်းဆိုးဝါးများ ခြောက်လှန့် ဖမ်းစားခြင်း စသော အန္တရာယ်များ မပြုနိုင်။
- ဝိဇ္ဇာပယောဂဖြစ်သော လေးပါးသော ဓာတ်နှင့်ယှဉ်သော လေးလုံးသော အကွက်ရာသည် ကံကြမ္မာဆိုး ဟူသမျှကို ဖယ်ဖျောက်နိုင်သည်။
- ဒဏ်ကို ပယ်၍ ရန်ကို ခွင်းသည်။


ထို့ကြောင့် အထက်က ဖော်ပြထားသည့် ကြီးလေးကြီး အကျိုးအာနိသင်ကို ဝိဇ္ဇာယာနပညာ အမြင်ဖြင့် ညာဏ်ဆင်ခြင်ကာ အမျိုးမျိုး ချွတွင် သုံးစွဲနိုင်သည်။

ဤ 'ငှကြီး ဏကြီး သကြီး ညကြီး' ဟူသော ကြီးလေးကြီး၏ အကျိုးအာနိသင် ကြီးမား ထက်မြက်ပုံ၊ ကျယ်ပြန့်ပုံများကို ဝိဇ္ဇာယာနပညာ ပေစာဟောင်းအဆူဆူတို့၌ အကျယ်တဝင့် ဖွင့်ဆိုထားသည်ကို တွေ့ရှိရပေသည်။

....o....

## ဘေးရန်အပေါင်း လုံခြုံသော

## ရန်မျိုးလုံအင်း အစီအရင်



ရန်မျိုးလုံအင်း။

### စီရင်နည်း စီရင်ဟန်

ဤ ရန်မျိုးလုံအင်းကို သိဒ္ဓိစုတ်ကြိုက် နှစ်ပက်မြင် ကမ္ပတ်နက္ခတ် စနေနေ့ မွန်းလွဲကြီးအချိန်၌ နုတ်အိုးကွဲမှာ စီရင်ရမည်။

လက်ဖွဲ့ပြု၍ ဆောင်လိုပါက ငွေပြား ရွှေပြားတွင် စီရင်၍ ငွေကြုတ် ရွှေကြုတ်နှင့် ဆောင်ရမည်။

ရေးသွင်းရမည့် အင်းဆန့်မှာ အောက်ပါ အက္ခရာများ ဖြစ်သည်။

## အင်းဆန်

၁–ဓ ဓ ဝ ဗ။
၂–ဋ္ဌ ဏ က ရ။
၃–ဋ္ဌ ထ က ဉ
၄–လ နု ဂ ယ

## အင်းဆန် ရေးသွင်းနည်း

ထို့နောက် အင်း၏ အလယ်ကွက်တွင် ‘ဓ’ကို ‘ဓ’ အုပ်၊ ယင်းကို ‘ဝ’ အုပ်၊ ယင်းကို ‘ဗ’ အုပ်၍ ရေးရမည်။

## အစုတ် ဂါထာမန္တန်

သိဒ္ဓိ နမော ဗုဒ္ဓါယ ဥုံ၊ ဥုံ နမော ဗုဒ္ဓါယ သိဒ္ဓိံ၊ စတုဓာတု ပသိဒ္ဓိ ဝိဇ္ဇာယောဂ်၊ သဗ္ဗသတ္တာရှ—ဘယံ ဝိနာသေတိ၊ မဟာဝိဇ္ဇာဓရေန သဗ္ဗကမ္မံ သိဒ္ဓိ ကိစ္စံ ပဥ္စပဒုမံ ပဥ္စဗုဒ္ဓါနံ နမော သိဒ္ဓ သွာဟုံ။

ယင်း အစုတ်ဂါထာ မန္တန်ဖြင့် ၁၀၈ အုပ် စုတ်ရမည်။

အစုတ် ဂါထာမန္တန်များကို ရွတ်ဆိုသောအခါ၌ ပီပီပြင်ပြင် အဖြတ်အတောက် မှန်မှန် ရွတ်နိုင်အောင် ကြိုတင်လေ့ကျင့်ထားရမည်။

## အညွန်း

.... သွားလေရာ နေလေရာ ဆောင်ပါက ဘေးရန် အပေါင်းမှ လုံခြုံ စိတ်ချရမည်။

.... အပြူ, အတိုက်, ခြေရာကောက် ရှပ်ထား, နာမ် ထား, အင်းမြှုပ်, ရှပ်မြှုပ်, တက ကြီးငယ် ယတြာလောင်တိုက်မှ စ၍ သူတစ်ပါးမကောင်း မကြံနိုင်။

.... မင်းရန် သူခိုး ဓားပြရန်မှ ကင်းမည်၊ မင်းဖြစ် စေ၊ သူခိုးဓားပြဖြစ်စေ၊ မိမိအား မကောင်း မကြံနိုင်။

.... မကောင်းပြုသမျှ၊ ကြံသမျှ၊ ပြုသူ၊ ကြံသူသာ လက်လျှော့ရမည်။

.... သူတထူး မကောင်းကြံသမျှ မိမိ၌ အကောင်းဖြစ် လာရမည်။

.... အန္တရာယ် များသော အရပ်၌ နေရစေကာမူ အန္တရာယ်ကင်း၍ အေးချမ်းရမည်။

.... အမြဲ စိတ်အေးချမ်းရမည်၊ ကိုယ်ချမ်းသာရမည်၊ ဥစ္စာစီးပွား မပျက်မစီး တည်၍အေးချမ်းရမည်။

.... မီးတွင်းမှာ ကျသော်လည်း မပူရာကဲ့သို့ အကယ်၍ အန္တရာယ်နှင့် တွေ့ကြုံလာရသော်လည်း မိမိမှာ အေးချမ်းနေရမည်။

.... အချုပ်အားဖြင့် ရန်အပေါင်း လုံခြုံ၍ အန္တရာယ် မျိုး၊ ဥပဒ်မျိုး၊ ဘေးမျိုး၊ အပျက်အစီးမျိုး၊ ကြမ္မာဆိုးမျိုး ဟူသမျှ မကပ် မရောက် မဖြစ် ပေါ်နိုင်။

ဤအင်း၏ စွမ်းအင်သတ္တိကား ကြီးမားမြင့်မြတ်လှသည်။ ပူလောင်သော မီးသည် ရေစင်ကဲ့သို့ အေးမြသကဲ့သို့မီးဟူသမျှ ငြိမ်းပျောက်ရသည့် စွမ်းအင် သတ္တိထူး ရှိသော အင်းပေ တည်း။

သို့သော် စီရင်သောအခါ၌ ဝိဇ္ဇာယာန ပညာနည်းကျကျ ဖြစ်အောင် စီရင်ရမည်၊ 'ဝိဇ္ဇာယာန ပညာနည်းကျကျ' ဆို သည်မှာ 'ဗားမဲ့ ဗားတမော့ လက်တွေ့ အစီရင်ကျမ်း' ပထမတွဲနှင့် ဒုတိယတွဲတို့၏ ရှေးဦး အစီအရင် ကဏ္ဍ၌ ပြဆို ညွှန်ကြားထားသည့် ရှေးဦး အစီအရင်များပင် ဖြစ်သည်။

သို့မှသာ အညွှန်း၌ ဖော်ပြ ညွှန်းဆိုထားသည့် အတိုင်း အစွမ်းထက်မြက်စူးရှမည်ဖြစ်ကြောင်း အထူးသတိပြုဖို့ လိုပေ သည်။

× × ×

## ရန်ရှောင်မီးထွန်းအင်း အစီအရင်

| | | | |
|---|---|---|---|
| | ၇ | ၁ | |
| ၀ | ၈ | ၇ | ၈ |
| ၁ | ၀ | ၁ | ၉ |
| | ၈ | ၉ | |

### စီရင်နည်း စီရင်ဟန်

ဤရန်ရှောင်မီးထွန်းအင်းကို ရှစ်ဖက်ကာထီး၊ ထွက်နက္ခတ်၊ သိဒ္ဓိရက်ကြိုက် စနေနေ့မွန်းလွဲကြီးချိန်၌ စီရင်ရမည်။

၁။ သိမ်မြေ
၂။ တောင်ပို့မြေ
၃။ အိုးထိန်းမြေ

ယင်းမြေ ၃ မျိုးကို ဆတူရော၍ တေမြီးလျှစ် ဆီးမီးခွက် လုပ်ရမည်၊ နေလှန်းပြီး မီးပုတ်ရမည်။

ထို့နောက် 'စ, မ, ဇ, ဝ' ကို အထက်ပါ အင်းပုံစံအတိုင်း အင်းချ၍ 'ဗ'က စ၍မြင်းကိုက် အင်းဆန်သွင်းရမည်။

အင်းချခြင်း၊ အင်းဆန်သွင်းခြင်းများ ပြုလုပ်ပြီးနောက် အောက်ပါ ဂါထာမန္တန်ဖြင့် ၁၀၀ အုပ်စုတ်ရမည်။

> ဥုံ နမော ဗုဒ္ဓါယ သိဒ္ဓံ၊ အာပံ ဂါတေန၊ ဝှံ နွှံ ပထဝီယာ၊ တိဏ္ဏန္နံ တေဇော ဓာတုယာ၊ မဟာဒ္ဓိ သိဒ္ဓိကမ္မံ၊ စတုဓာတုပသိဒ္ဓိယာ သွာဟုံ။

တံခွန်စ လက်သုံးသစ်ကို မီးစာပြုလုပ်ပြီး မဆစ်ဆီ ထည့်ပြီး မီးထွန်းရမည်။

မီးထွန်းသော အခါ၌လည်း အထက်ပါ ဂါထာမန္တန်ကို ၃ အုပ် ထပ်စုတ်ရမည်။

## အညွှန်း

.... ဤအင်း၏ အင်းဆန်များမှာ ဘုဒ္ဓကပ်ဦး အစ ပထမကောဇင် ဝိဇ္ဇာယောဂီ တပသီ အရှင်မြတ်များက အဂ္ဂိမန္တအဖြစ် အသိအမှတ် ပြုထားခဲ့ကြသော 'စ, မ, ဇ, ဝ' စမအက္ခရာ လေးလုံးဖြစ်သည်။

.... ယင်း စမအက္ခရာ လေးလုံးမှာ စမတစ်လုံး တစ်လုံးလျှင် စွမ်းအင် သတ္တိ တစ်မျိုးစီ ရှိကြသည်။

.... ယင်း စွမ်းအင်သတ္တိများမှာ ဘေးရန် အန္တရာယ်မှ အကာအကွယ်ပေးသော စွမ်းအင် သတ္တိထူးများ ချည်း ဖြစ်ကြသည်။


.... ယင်း စမအက္ခရာ လေးမျိုးလုံး၏ စွမ်းအင် သတ္တိများကိုခြုံငုံကြည့်လိုက်လျှင်သာမန်ဘေးအန္တရာယ် မျိုးကို မဆိုထားဘိ စစ်ဘေး၊ စစ်ရန်၊ စစ် အန္တရာယ်များကိုပင် ရှောင်စေနိုင်၊ ကွင်းစေနိုင် သော စွမ်းအင် သတ္တိထူးများ ရှိကြကြောင်းကို ရှေးဆရာကြီးများ အညွှန်း ပြုထားသော စမ အက္ခရာများ ဖြစ်သည်။

.... တံခွန်စကို မီးစာ အဖြစ်ဖြင့် ထွန်းညှိထားခြင်းမှာ လည်း လေတိုက်ခတ်လျှင် တံခွန်စများသည် လေ ထဲ၌ တလူလူ လွင့်နေသကဲ့သို့ ဘေးရန်အန္တရာယ် မှန်သမျှတို့လည်းလေနှင့်အတူလွင့်ပါးသွားစေနိုင် သည့်အဓိပ္ပာယ်ကို ဆောင်နေခြင်းပင် ဖြစ်သည်။

.... ဤအင်းကို မီးထွန်းထားပါက ဘေးရန်ဟူသမျှ ရှောင်ကွင်းရမည်မှာ ကျိန်းသေ ဒိဋ္ဌပင်တည်း။

သို့သော် ဤအင်းကို ဘေးရန်ရှိမှ ထွန်းညှိဖို့ကိုတော့ သတိ ပြုပါလေ။

# နတ်ချစ်ပိယဒိပ်



## နတ်အများ ချစ်ခင်မြတ်နိုးသော

## ဒိဗ္ဗပိယဒိပံ အစီအရင်

### ဇိုရင်နည်း စီရင်ဟန်

ဤ 'ဒိဗ္ဗ ပိယ ဒိပံ'ကိုနှစ်ဖက်မြင်၊ ဝင်နက္ခတ်၊ အမြိတ္တာ စုတ်ကြိုက် စနေနေ့ နေဝန်းပေါ်ချိန်တွင် စီရင်ရမည်။

စီရင်သောအခါ အထက်နတ်ပွဲ တစ်ပွဲတင်ပြီး စီရင်ရမည်။

နတ်စင်ပေါင်း ၃၇ စင်မှ ရသော ဖယောင်းစက်များကို ပျားဖယောင်း ငါးမတ်သားနှင့် ရော၍ကျိုပြီးစစ်ရမည်။

ပြီးလျှင် အဂြားပြုလုပ်ကာ ဖော်ပြထားသော ဒိပံပုံ အတိုင်း ပီပီသသ ရေးရမည်။

- ပထမ .... ဒေါက်ခြေမှ စ၍ ဝဲယာ အစဉ် အတိုင်း 'မာတာ ယထာ' ရေးသွင်း ရမည်။
- ဒုတိယ .... 'မိ ခါရေတု–ဇမ္ဗုဝ'နံ့နှင့် အလယ် ကွက်၌ 'နံ့' ကို ရေးသွင်းရမည်။
- တတိယ .... 'မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ' နှင့် အလယ်ကွက်၌ 'နံ့' ကို ရေးသွင်း ရမည်။

စတုတ္ထ .... 'ပီလိန္ဒဝတ္ထု သမဏော'ကို ရေးသွင်းရမည်။

ပဉ္စမ .... ဝဲဖက်၊ ယာဖက် နှစ်ဖက်လုံး၌ 'ဒေဝတာနံ ပိယော အဟု'ကို ရေးသွင်းရမည်။

ဆဋ္ဌမ .... 'ယ—က' '၁၅၊ ၂၄၊ ၃၆၊ ၃၈၊ ၃၅' တို့ကို ရေးသွင်းရမည်။

သတ္တမ .... တိုင် ၃ တိုင် အနက် အလယ်တိုင်၏ ထိပ်၌ 'ဣ'ကို လည်းကောင်း၊ ဝဲနှင့် ယာ နှစ်တိုင်၏ ထိပ်၌ 'သွာ' နှင့် 'သု'ကိုလည်းကောင်း ပုံတွင် ဖော်ပြထားသည့် အတိုင်း ရေးသွင်းရမည်။

ထို့နောက် အလယ်တိုင်တွင် အောက်ပါ ဂါထာမန္တန်ကို အရံ အဖြစ်ဖြင့် ရေးရမည်။

### အရံဂါထာမန္တန်

ပိယော ဒေဝမနုဿာနံ ပိယော္ဗြဟ္မံ နမာမဟံ။

ယင်း အရံ ဂါထာမန္တန်ကို ရေးပြီးနောက် အောက်ပါ ဂါထာမန္တန်ဖြင့် ၁၀၀ အုပ် စုတ်ရမည်။

## ဂါထာမန္တန်

ဥုံ ပိလိန္ဒဝစ္ဆ သမဏော၊
ဒေဝတာနံ ပိယော အဟု။
မာတာ ယထာ မံ ခေရေတု၊
ဒိဗ္ဗပိယံ သွဟု သွဟုံ။

ပြီးလျှင် နတ်ဝင်ချည် သက်စေ မီးစာပြု၍ ယင်းဒိပ် ဖယောင်းတိုင်ကို ထွန်းညှိပူဇော်နိုင်ပေပြီ။

### အညွှန်း

.... 'လူလိုမှ နတ်လို၊ နတ်လိုမှ ဂြိုဟ်မ'ဟူသော ရှေးမြန်မာ့ရိုးရာ ဆိုထုံးစကားအတိုင်း နတ်ကောင်း နတ်မြတ်များမှ စ၍ နတ်ဆိုး နတ်ဝါးများအထိ ချစ်ခင် မြတ်နိုးမှုကို ခံယူနေရပါက မိမိအဖို့ အရာရာတိုင်း၌ အနှောင့်အယှက် အမျိုးမျိုးမှ ကင်းဝေးနိုင်မည် ဖြစ်သည်။

.... ဤ ဒိဗ္ဗပိယဒိပ်ကို ညှိထွန်း ပူဇော်ပါက စတု မဟာရာဇ်နှင့် တာဝတိံသာ နတ်သား, နတ်သမီး များ၊ ဘုမ္မစိုး, ရုက္ခစိုး, အာကာသစိုးများ၊ နဂါး, ဂဠုန်, ကုမ္ဘာန်, ယက္ခ, ဂန္ဓဗ္ဗများမှ စ၍ ဝေမာနိက ပြိတ္တာ ဖြစ်သော တစ္ဆေ သူရဲ စသည် တို့၏ ချစ်ခင် မြတ်နိုးမှုကို ခံယူရမည်။

.... ထို့ကြောင့် ပစ္စည်းဥစ္စာတို့ တိုးတက်မည်၊ အလုပ်အကိုင် အကြံအစည် ဟူသမျှ လုပ်တိုင်း ကိုင်တိုင်း အနှောင့်အယှက်မရှိဘဲ ထမြောက် အောင်မြင်မည်။

.... စုန်းပယောဂ နတ်ပယောဂ လုံးဝ ကင်းရှင်းမည်။

.... လမ်းခရီး သွားလာရာ၌ သွားလေရာ၊ ရောက်လေရာ နေရာတိုင်း၌ ကူညီ မ, စမည့်သူများနှင့် တွေ့ရမည်။

.... ဘေးအန္တရာယ်လည်း ကင်းရှင်းမည်၊ ရောဂါဝေဒနာဟူသမျှလည်း ပျောက်ကင်းမည်။

.... မမျှော်လင့်သောသူထံမှ မထင်စားသော လာဘ်လာဘများ, ပစ္စည်းဥစ္စာများ ရမည်။

.... ယင်း လာဘ်လာဘနှင့် ပစ္စည်းဥစ္စာများရရှိပါက ရတနာ သုံးပါးအား ကတ်အားသမျှ လှူဒါန်းပြီး နတ်အများနှင့် ဒီပံစောင့် ၎တ်အများအား အမျှပေးဝေဖို့ မမေ့ ပ နှင့်။

သို့သော် ဤဒီပံမှာ နတ်ချစ်'ဒိဗ္ဗပိယဒီပံ'ဖြစ်သည့်အတိုင်း အထက် နတ်ပွဲတစ်ပွဲကိုတော့ ရှိသေ လေးစားစွာ တင်ဖို့ သတိပြုပါလေ။

## ပိယသိဒ္ဓိ မီးသွန်းအင်း အစီအရင်

| | | | |
|---|---|---|---|
| | က | ဥ | |
| သ | ၎ | က | ၎ |
| ဥ | သ | ဥ | က |
| | ၎ | သ | |

### စီရင်နည်း စီရင်ဟန်

ဤ ပိယသိဒ္ဓိ မီးတွန်းအင်းကို နှစ်ဖက်မြင် ဝင်နက္ခတ်၊ အမြိတ္တစုံကျိုက်၊ အင်္ဂါနေ့ အမှန်းခံပြန်ချိန်၌ စီရင်ရမည်။

၁။ နတ်စင်အောက်မှ မြေ

၂။ အိုးထိန်းသည်ထံမှ မြေ

ယင်း မြေနှစ်မျိုးတို့ကို ရောချေပြီးလျှင် အင်းချသာအောင် ဆီမီးခွက် ပြုလုပ်ရမည်၊ ပြီးလျှင် ဆီမီးခွက်ကို နေလှန်း၍ မီးဖုတ်ရမည်။

ဆီမီးခွက် ပြုလုပ်သောအခါ နက္ခတ်ကျိုက် စုံတ်ကျိုက် ရွေးဖို့ မလိုပေ၊ ကြုံရာနေ့၌ ပြုလုပ်နိုင်သည်။

ထို့နောက် အထက်ပုံပါ အင်းပုံစံအတိုင်း 'က' အင်းကွက်မှ စ၍ မြင်းကိုက် အင်းဆံသွင်းရမည်။

ပြီးလျှင် အောက်ပါ ဂါထာမန္တန်ဖြင့် (၁၀၈) အုပ်စုတ်ရမည်။

## ဂါထာမန္တန်

ဥုံ နမော ဗုဒ္ဓါယ၊ စတုမာတုပသိဒ္ဓိယာ၊
မဟိဒ္ဓိ သိဒ္ဓိ ကိစ္စံ၊ သိဒ္ဓိ ကမ္မံ၊ သဗ္ဗပိယံ
သွာဟုံ။

ပြီးလျှင် မိမိ အလိုရှိသော အမျိုးသမီး၏ အဝတ်စကို မိမိ လက်ခလယ် တစ်ဆစ်မျှသာ ထည့်ပြီး မီးစာ ပြုလုပ်၍ မဆင်ဆီ (နှမ်းဆီ) နှစ်ကျပ်သားကို အထက်ပါ ဂါထာ မန္တန်ဖြင့် ၇ အုပ် ထပ်စုတ်ပြီးမှ ယင်း မဆင်ဆီကို ဆီမီးခွက်ထဲ ထည့်ရမည်။

ထည့်ပြီးလျှင် မီးထွန်းနိုင်ပြီ။

## အညွှန်း

.... ယင်းအင်းကို မီးထွန်းပြီးနောက် မိမိ အလိုရှိသော အမျိုးသမီးနှင့် စကားပြောပါ၊ မိမိ ပြောသမျှကိုစွ အောင်မြင်မည်။

- အကယ်၍ မိမိထံသို့ ယင်းအမျိုးသမီး လာစေလို ပါက သူမ လာနိုင်သော အချိန်ကို ရွေးချယ်၍ ယင်းအင်းကိုမီးထွန်းပြီး အထက်ပါဂါထာမန္တန် ဖြင့် ၃၇ အုပ် စုတ်ပါ၊ ကျိန်းသေလာရမည်၊လာ လျှင် မိမိပြောလိုသောစကားများကို ပြောဆိုပါ၊ ပြောဆိုတိုင်း အောင်မြင်မည်။


- သို့သော် အတည်ယူမည့် အမျိုးသမီးကိုသာ ဤ အစီအရင်ကို စီရင်ပါ၊ ထို့ပြင် ကာမေသုမိစ္ဆာ စာရကိုလည်း ရှောင်ကြဉ်ဖို့ မမေ့ပါနှင့်။

ဤ အင်းနှင့်ဒီပံ အစီအရင်များမှာ အထက်လမ်း ပညာ ရပ်များဖြစ်၍ သိမ်မွေ့လည်း သိမ်မွေ့သည်၊ ထိလည်း ထိ ရောက်သည်။ ထို့ကြောင့် ဤ အစီအရင်များကို စီရင်သော အခါ၌ အထက်ကဖော်ပြထားသည့်အတိုင်း မတိမ်းမစောင်း ပါအောင် ဂရုပြုဖို့ လိုသည်၊ ကျန သေသပ်ဖို့ လိုသည်။

ဤအချက်ကိုတော့ အထူး သတိပြုရပေမည်။

ထို့ပြင် အထက်လမ်း ပညာများမှာ အောက်လမ်းပညာ များနှင့် မတူပေ၊ ထူးခြားချက်ရှိသည်။ ယင်းထူးခြားချက် မှာ စီရင်သူကိုယ်တိုင်က သီလ, သစ္စာ, သမာဓိ ရှိဖို့ပင် ဖြစ်၏။

# သဗ္ဗသိဒ္ဓိ သုခမင်္ဂလာဒိပ်



# လူတကာ၏ ချစ်ခင်မြတ်နိုးမှုခံရသော

# သဗ္ဗသျှိုဒိပံ အစီအရင်

## စီရင်နည်း စီရင်ဟန်

ဤဒိပံ၏ အမည် အပြည့်အစုံမှာ 'သဗ္ဗသျှို သုခ မင်္ဂလာ ဒိပံ' ဖြစ်သည်။

ဤဒိပံကို နှစ်ဖက်မြင် ဝင်နက္ခတ် သိဒ္ဓိစုက်ကြိုက် သောကြာနေ့ နေဝန်းပေါ်ချိန်တွင် စီရင်ရမည်။

ဘုရား ခုနစ်ဆူမှ ဖယောင်းနှင့် ပျားဖယောင်းကို သတ္တူ ရော၍ အပြား ပြုလုပ်ပြီးလျှင် ဖော်ပြထားသည့် ပုံအတိုင်း ဤဒိပံကို ပီပီပြင်ပြင် ရေးရမည်။

ပထမ – ဒိပံပုံကို ရေးပြီးနောက် အပေါ်မှစ၍ ပုံတွင် ဖော်ပြထားသည့် အတိုင်း 'ပုဒိ အာ ရူ သွာ သု' ကို ရေးသွင်းရမည်။

ဒုတိယ – 'င ဥ ဒ ပ ဖ ဗ ဘ ယ' ကို ရေးသွင်းပါမည်။ ပြီးလျှင် အလယ်ကွက်၌ နံ့ကို ရေးသွင်းရမည်။

တတိယ – 'ဝိသိဝေက ကောကဂေါ အသံစိသုလော ပုသဗုဘ' ကို ရေးသွင်းရမည်။

စတုတ္ထ – '၇၇၇' ၅၆၊ ၅၆၊ ၅၆၊ ယျံယျံ'ကို ရေးသွင်းရမည်။

ပဉ္စမ – 'နမော ဗုဒ္ဓါယ သိဒ္ဓံ'ကို ရေးသွင်းရမည်။

သို့မဟုတ် အောက်ခြေမှ'နမော ဗုဒ္ဓါယသိဒ္ဓံ'ကို ရေးသွင်းပြီးနောက် အထက်၌ဖော်ပြထားသည့်အတိုင်း ပထမမှ စတုတ္ထအထိ အစဉ်အတိုင်းလည်း ရေးသွင်းလိုပါက ရေးသွင်းနိုင်ကြပေသည်။

ထို့နောက် အောက်ပါ အရံ ဂါထာမန္တန်ကို ရေးရမည်။

## အရံ ဂါထာ မန္တန်

ဩ နမော ဗုဒ္ဓါယ အာပေါဓာတုပသိဒ္ဓံ င ငါ ငိ ငီ သန္တိ သုခံ ဗ ဗာ ဗိ ဗီ သဗ္ဗလာဘံ ယ ယာ ယိ ယီ သောတ္ထျာရောဂျံ ရ ရာ ရိ ရီ မဟာဒ္ဓိ သိဒ္ဓိ ယာ သွာဟုံ။

သိမ်ဝင်ချည်ကို သက်စေ့ မီးစာပြု၍ ဒီပံဖယောင်းတိုင် ပြုလုပ်ရမည်။ ထို့နောက် ယင်းအရံ ဂါထာမန္တန်နှင့်ပင် ၁၀၈ အုပ် စုတ်ရမည်။

ယင်းဒီပံ ဖယောင်းတိုင်ကို မီးထွန်းညှိပူဇော်သောအခါ၌လည်း အရံဂါထာကို အနည်းဆုံး ၇ အုပ် စုတ်ရမည်။

## အညွှန်း

– ဤဒိပံ ဖယောင်းတိုင်ကို မီးညှိထွန်း ပူဇော်ပါက ငါးပါးသီလကို ခံယူဆောက်တည်ပြီးမှ ပူဇော်ရမည်။

– အမည် အပြည့်အစုံမှာ 'သဗ္ဗသျှိ သုခမင်္ဂလာ ဒိပံ' ဖြစ်သည့်အတိုင်း ရာဇသျှိ သဗ္ဗသျှိ ဂုတ္တိသျှိ သုံးမျိုးတွင် သဗ္ဗသျှိအတွက် အစီအရင် ဖြစ်သည်ကို သတိပြုရမည်။


– သဗ္ဗသျှိ အစီအရင် ဖြစ်သည့်အတိုင်း မကောင်းကျိုး အနိဋ္ဌ မင်္ဂလာ ကင်းကွာ၍ သုမင်္ဂလာ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာသုခနှင့် ပြည့်စုံမည်။

– လာဘ်လာဘ ပေါများ၍ စီးပွားဥစ္စာ တိုးတက်မည်၊ အလုပ်အကိုင် အကြံအစည်ဟူသမျှ လုပ်တိုင်းကိုင်တိုင်း ထမြောက် အောင်မြင်မည်။

– အနာရောဂါ ဝေဒနာ အမျိုးမျိုး ကင်းစင်၍ မင်္ဂလာသုခ အဝဝကို ပြည့်ပြည့်ဝဝ ခံစားရမည်။

သို့သော် ဤဒိပံကို စီရင်သောအခါ ဒိပံပုံကို ပီပီပြင်ပြင် ရေးရန်နှင့် စီရင်နည်း စီရင်ဟန်များ မချို့ယွင်းအောင် သတိပြုဖို့ လိုပေသည်။

## ဣစ္ဆာသယအင်း အစီအရင်




### စီရင်နည်း စီရင်ဟန်

ဤအင်းကို အဝင်နက္ခတ် သိဒ္ဓိစုက်ကြိုက် နှစ်ဖက်မြင် သောကြာနေ့ နေဝန်းပေါ်ချိန် စီရင်ရမည်။

၁။ ဘုရားမြေ

၂။ သိမ်မြေ

၃။ နကျိမြေ

ယင်းမြေ သုံးမျိုးကို ဆတူရော၍ ဆီမီးခွက် ပြုလုပ်ရမည်၊ ပြီးလျှင် အခြောက်လှန်းပြီး မီးဖုတ်ရမည်။

အောင်ချည် လက်သုံးသစ်ကို မီးစာပြုလုပ်ပြီး မဆာဆီ ထည့်၍ မီးထွန်းရမည်၊ မီးမထွန်းမီ အောက်ပါ ဂါထာမန္တန် ဖြင့်....

.... ဆီမီးခွက်ကို .... ၁၀၈ အုပ်
.... ချည်မြှင်ကို .... ၁၀၈ အုပ်
.... မဆက်ဆီကို .... ၁၀၈ အုပ်

အသီး အသီး စုတ်ပြီးမှ မီးထွန်းရမည်။

## ဂါထာမန္တန်

ဥုံ သိဒ္ဓိ နမော ဗုဒ္ဓါယ၊ တေဇောဓာတု သမ္ဗသိဒ္ဓိ၊ ပထဝီဓာတု သမ္ဗသိဒ္ဓိ၊ ဝါယောဓာတု သမ္ဗသိဒ္ဓိ၊ အာပေါဓာတု သမ္ဗသိဒ္ဓိ၊ မဟိဒ္ဓိ သိဒ္ဓိကိစ္စံ၊ စတုဟိ ဓာတုဟိ အာဒိကဗ္ဗေ အာဂယာ ယာဒ္ဓိဗုဗ္မောနု သိဒ္ဓိ သွာဟုံ။

## အညွန်း

.... အကြံအစည်အလုပ်အကိုင် တစ်ခုခုကို ပြုလုပ်တော့မည် ဆိုလျှင် ဤအင်းကို မီးထွန်းပြီးမှ ပြုလုပ်ပါ။ ပြုလုပ်တိုင်း အောင်မြင်မည်။

....အရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်များက 'ဇုဏ္ဍိတံပတ္တိတံ တုယှံ ခီပ္ပမေဝ သမိဇ္ဈတု' ဟု ဆုပေးတော့ ပေးထားရှိသည်၊ ထိုနည်းတူစွာ ဤအင်းမှာလည်း 'ဇုဏ္ဍသယအင်း' ဟုအမည်ပေးထားသည့်အတိုင်းအိမ်၌နေ့စဉ် နေ့တိုင်း မီးထွန်းညှိ ပူဇော်ထားပါက လာဘ်လာဘ ရွှင်လန်းပြီး ကောင်းကျိုးသုခ အနန္တနှင့် ပြည့်ဝနိုင်မည်ဟု အညွန်းပြုထားသည်။

× × ×

## ရန်ဟူသမျှ ကင်းပျောက်စေနိုင်သော
## ရန်ပြိုအင်း အစီအရင်

| | | | |
|---|---|---|---|
| | မှ | မ | |
| ခ | ဟာ | ဖ | ဟာ |
| မ | ဒ | ဖ | ဖ |
| | တ | ခ | |

**ရန်ပြိုအင်း။**

### စီရင်နည်း စီရင်ဟန်

ဤ ရန်ပြိုအင်းကို နှစ်ဘက်ကဏ်း ထွက်နက္ခတ် သိဒ္ဓိစုတ် ပြီးလျှင် အင်္ဂါနေ့ ဆွမ်းခံပြန်ချိန်၌ သိမ်ဝင်သပိတ်ကွဲကို စီရင်ရမည်။ နတ်ကိုးကွဲကို စီရင်လိုကလည်း စီရင်နိုင်သည်။

အဆောင်အတက်လိုသော် တစ်ခုသာ စီရင်ရမည်။

အိမ်စောင့် မြေစောင့်အတွက် စီရင်လိုသော် လေးခု စီရင်ရမည်။

## အင်းဆန့်

အင်းဆန့်အဖြစ် ခြားပြထားသော အကွက်မှ စ၍ 'ဗ၊ ယ၊ ဓ၊ မ' အက္ခရာများကို သွင်းရမည်။

## အရွတ် ဂါထာမန္တန်

ဥုံ သိဒ္ဓိကိစ္စံ နမော ဗုဒ္ဓါယ၊ အဂ္ဂဝိန္ဒု အာပေါ ပထမံ၊ အဂ္ဂဝိန္ဒု ဝါယော ပထမံ၊ အဂ္ဂဝိန္ဒု ပထဝီ ပထမံ၊ အဂ္ဂဝိန္ဒု တေဇော ပထမံ၊ ဝေရီ ပလာယန္တု၊ သဗ္ဗပမောစနံ ဣသယာစရိယေန ဝိဇ္ဇာဓရေန သိဒ္ဓိကမ္မံ ယဗ္ဗါဗမောန သွာဟုံ။

ထို့နောက် အထက်ပါ ဂါထာမန္တန်ဖြင့် ၁၀၈ အုပ် ရွတ်ရမည်။

## အညွန်း

.... အိမ်,ခြံ စသည်တို့၌ အစောင့်အဖြစ် ထားလိုလျှင် အိမ်, ခြံ စသည်တို့၏ ထောင့်လေးထောင့်၌မြှုပ်ရမည်။

.... အဆောင်အဖြစ် ဆောင်လိုမူ အိတ်တွင် ထည့်၍ ဆောင်ရမည်။

.... အိမ်၌ထားလျှင် မြင့်ရာအရပ်၌ ထားရမည်။

.... အိမ်ကြမ်းလျှင် ဥရုတိုင်၌ မြှုပ်ရမည်။

.... မြေကြမ်းလျှင် ထိုမြေ၏ ဗဟိုအလယ်၌ မြှုပ်ရမည်။

.... ဤရန်ပြုံအင်းကို အိမ်၌ အမြဲထားပါက ရန်ပြုလိုသူများ အလိုအလျောက် ပြုံပျက်ရသည်။ ရန်သူ၏ မကောင်းအကြံအစည်များ မကြာမီမှာပင် ပျက်စီးရမည်။

.... မကောင်းမိစ္ဆာများ အလိုလို ပပျောက်နိုင်သည်။

.... သူပြု၊ လူပြု၊ အတိုက်မျိုး၊ အပြုမျိုး မထိခိုက်နိုင်။

.... အချုပ်အနှောင် ခံရလျှင် ယင်းအချုပ်အနှောင်မှ လွတ်မြောက်ရမည်။

.... သွားလေရာ၌ ဆောင်သွားပါက ဘေးဥပဒ် အန္တရာယ်ကင်း၍ ရန်ဟူသမျှ ပပျောက်နိုင်သည်။

.... မိမိအား မကောင်းကြံသမျှ ပြုသမျှ အလိုအလျောက် ဒဏ်ပြန်ရမည်။

မင်းဘေး၊ စိုးဘေး၊ ခိုးသားဓားပြဘေး၊ မီးဘေး၊ ရေဘေး၊ သားရဲတိရစ္ဆာန်ဘေး၊ ပယောဂဘေးမှ စ၍ ဘေးရန်ဟူသမျှ ပြုံပျက်နိုင်သောအင်းဖြစ်သည်။

# လက်ဖွဲ့အစီအရင်ကဏ္ဍ


ကွဲကွာနေသော လင်မယားကိုပင် ပြန်လည်

ပေါင်းသင်းစေနိုင်သော

အကျွရ လက်ဖွဲ့ အစီအရင်

စီရင်နည်း စီရင်ဟန်

ရွှေပြားဦး ဖြစ်စေ၊ ငွေပြားဦး ဖြစ်စေ 'အရဟံ' ကို အောက်ပါပုံသဏ္ဌာန်အတိုင်း ပီပီသသ ရေးရမည်။




ယင်းသို့ ရေးသောအခါ—

ပထမ ... 'အ' ကိုလည်းကောင်း၊
ဒုတိယ ... 'ရ' ကိုလည်းကောင်း

တတိယ .... 'ဟ'ကို လည်းကောင်း
စတုတ္ထ .... 'သေးသေးတင်'ကို လည်းကောင်း

အသီးအသီး ကျနပီပြင်အောင် ရေးရမည်။

ယင်း အက္ခရာများကိုရေးသောအခါရေးနေစဉ်အတွင်း၌ 'အရဟံ ပုညံ နိဗ္ဗာနံ ဘဂဝတိ'ဟူသော ဂါထာကို တတ်အား သရွေ့ ရွတ်ဆိုပြီး ရေးရမည်။

ထို့နောက် လက်ဖွဲ့ထိုးပြီးလျှင် ဘုရား ရှေ့တော်တွင် ပွဲတင်၍ အောက်ပါ ဂါထာမန္တန်ဖြင့် ၃၇ အုပ် စုတ်ရမည်။

## အစုတ်ဂါထာမန္တန်

အရဟံ ဂေါဏ ဥသဘ ရာဇ မနု ဘောဂေါ
သုနက္ခတ္တံ တိပိဋကံ ဇေယျော ယောတု သဗ္ဗဒါ။

ယင်း လက်ဖွဲ့မှာ မိန်းမ ယောကျ်ား နှစ်ဦးလုံး သုံးစွဲနိုင်သော လက်ဖွဲ့ဖြစ်သည်။

## အညွန်း

.... ယင်းလက်ဖွဲ့ကို ယောကျ်ားဖြစ်က လက်ယာ ပါး စောင်၌လည်းကောင်း၊ မိန်းမဖြစ်က လက်ဝဲ ပါးစောင်၌ လည်းကောင်း ၎င်း၍ ဆောင်ပါက ရာဇသို....သဗ္ဗသို...ဣတ္ထိသို သုံးပါး၌ အတု မရှိ အပြီးတိုင် အစွမ်း ထက်မြက်လှသည်။

.... လင်မယား ကွဲရာတွင်လည်း ကောက်ကြားက မိန်းမကို အမျက်ထား၍ ကွဲရာ၌လည်းကောင်း တစ်ဖန် ပြန်၍ ပေါင်းသင်းလိုပါက ပေါင်းသင်းလိုသူ၏ လက်ယာဖက် လက်၌ ဤ လက်ဖွဲ့ကို ဝတ်ဆင်ထားရမည်၊ ထိုအခါ အမျက်ရှိသူကပင် ပြန်လည် ပေါင်းသင်းရန် တောင်းပန် ဝပ်တွား၍ လာလိမ့်မည်။


.... အမျက်ရှိ၍ ကွဲကွာနေကြသော လင်မယားကိုပင် ပြန်လည် ပေါင်းသင်းအောင် စွမ်းဆောင်နိုင်သဖြင့် အခြား အခြားသော ကုတ္တိသျှိ, ရာဇသျှိ အရာ၌ အထူးပြောစရာ မလိုတော့ပေ၊ ဉာဏ်ရှိတိုင်း တီထွင် သုံးစွဲပါဟုသာ ညွှန်းပါရစေတော့။

အထူး သတိပြုရန်မှာ ဤ လက်ဖွဲ့ကို စီရင်သောအခါ **'ဗွားမှဲ့ ဗွားတမော့ လက်တွေ့ အစီအရင်ကျမ်း'** ပထမတွဲ၊ ဒုတိယတွဲများ၏ ရှေးဦး အစီအရင်ကဏ္ဍ၌ ဖော်ပြထားသည့် အတိုင်း နေ့ကောင်း,ရက်ကောင်း,နက္ခတ် ကမ္ဘတ် စသည် တို့ကို ရွေးချယ်ရမည့်အပြင် သိဒ္ဓိတင်ခြင်း၊ သနချေခြင်း စသော ဝိဇ္ဇာယာနပညာ လောကီနည်းနာ နိသျှများကို တိတိကျကျ လိုက်နာ စီရင်ကြရမည် ဖြစ်သည်။

မိမိအား သတ်ရန် လာသူပင် လက်နက်ချ ရသော
နှုတ်ငုံ ထဆင်ထူး လက်ဖွဲ့အဓိ ဒရင်

ဓိရင်နည်း ဓိရင်ယာန်

ရွှေပြား၌ဖြစ်စေ၊ ငွေပြား၌ဖြစ်စေ အောက်ပါ အက္ခရာများကို အောက်ပါ ပုံသဏ္ဌာန်အတိုင်း ရေးရမည်။



ယင်းသို့ ရေးသောအခါ....

.... 'ကကြီး'ကို အထက် 'ယ' ကို အောက်ထား ထဆင်ထူးနှင့် တူအောင် စိုင်းဝိုင်းလှလှ ရေးရမည်။

.... ထို့နောက် 'ဤ'နှင့် 'နှ'ကို လည်းကောင်း၊

— ထို့နောက် လက်ဝဲဖက်၌ 'င' လက်ယာဖက်၌ 'ဒ'ကို လည်းကောင်း၊

— ထို့နောက် အောက်တွင် 'င'နှင့် 'ခ' ကို ရင်ချိုင်း ဟပ်၍ လုံးကြီးတင် ဆံခတ် ဖြစ်အောင် သေချာစွာ ရေးရမည်။

ယင်းသို့ ရေးသောအခါ ဆောင့်ကြောင့်ထိုင်ပြီးလျှင် ဖနောင့်တစ်ဖက်က မိမိ၏ ဒူးခေါင်းကို ဖိတ်၍ ဖနောင့်တစ်ဖက်က ပုဆစ်ဆိတ်တွင်းကို ဖိလျက် ရေးရမည်။

ထို့ပြင် ယင်းသို့ ရေးနေခဲ့အတွင်း၌ ရေးပြီးသည့်တိုင်အောင် အသက်မရှူဘဲ အသက်အောင့်ထားရမည်။

ထို့နောက် ယင်း အနေအထား အတိုင်း ထိုင်လျက်ပင် လက်ချိုးကို ထိပ်၍ ဘုရားဂုဏ်တော်နှင့် (၃၃) အုပ် ရွတ်ရမည်။

ယင်းသို့ ရွတ်ပြီးနောက် အောက်ပါ အနိုးဂါထာမန္တန်ဖြင့် (၃)ကြိမ် နှိုးရမည်။

### အနိုး ဂါထာမန္တန်

ဥုံ ထဆင်ထုး, လုံးကြီးတင်, ထီမထင်တဲ့, ရှေကျောင်းသား၊ ထ ဆရာ့,ထ၊ ကြွ ဆရာ့,ကြွ။

'ထဆင်ထုး'အက္ခရာကို ရေးသောအခါ ပိပိပြင်ပြင်ဖြစ်အောင် သတိပြုဖို့ လိုသည်။

## အညွန်း

.... ဆောင်သောအခါ အထက်ပါ အနှိုးဂါထာမန္တန်ဖြင့် (၃) ကြိမ် နှိုးပြီးမှ နှုတ်တွင်ငုံ၍ ဆောင်ရမည်။

.... မိမိအား အသက် အန္တရာယ်ပြုရန် လာသော ရန်သူပင် ဖြစ်စေကာမူလည်း လက်နက်ချ၍ ချစ်ခင် လေးစားလာရကြောင်းဖြင့် ရှေးဟောင်း လောကီ ပေမူများ၌ လက်တွေ့အဖြစ် ညွှန်းဆိုထားသည်။

.... ထိုမျှသာမက ရာဇသျှို၊ ဂုတ္တိသျှို၊ သဗ္ဗသျှို (၃)ပါး၌ အပြီးတိုင်၏ ဟု ဆရာကြီးများ အမှာအထား ပြုထားကြသော လက်ဖွဲ့ အစီအရင် ဖြစ်သည်။

သို့သော် သူတစ်ပါး၏ မယားကို မကြံစည်ပါနှင့်၊ သစ္စာလည်း ရှိပါစေ။

## ပီယသျှို့၌ အစွမ်း ထက်မြက်လှသော စမရှပ် ဖောင်စီးလက်ဖွဲ့ အစီအရင်

### စီရင်နည်း စီရင်ဟန်

မိန်းမနှင့် ကာမစပ်ယှက် ဖောင်စီးရင်း ရွှေပြား သို့မဟုတ် ငွေပြားကိုမိန်းမ၏ နဖူးပေါ်မှာတင်၍ 'စ ဗ မ ထ' အက္ခရာ လေးလုံးကို အောက်ပါ ပုံစံအတိုင်း ရေးရမည်။




ယင်းသို့ ရေးသောအခါ ဆိုင်ရာဆိုင်ရာ စမအက္ခရာများကို အောက်ပါအတိုင်း အာဟိန်းမန္တန်များဖြင့် ဟိန်း၍ ရေးရမည်။

.... စကာခရာစ ဗုဒ္ဓရူပံ စဒုက္ခံ ကုသလံ ဓမ္မံ နမော ဗုဒ္ဓါယ စ။

.... ဗကာခရာစ ဗုဒ္ဓရူပံ ဗဒုက္ခံ ကုသလံ ဓမ္မံ နမော ဗုဒ္ဓါယ ဗ။

.... မကာခရာစ ဗုဒ္ဓရူပံ မဒုက္ခံ ကုသလံ ဓမ္မံ နမော ဗုဒ္ဓါယ မ။

.... ထကာခရာစ ဗုဒ္ဓရူပံ ထဒုက္ခံ ကုသလံ ဓမ္မံ နမော ဗုဒ္ဓါယ ထ။

ထို့နောက် စမရုပ်၏ လက်ယာ လက်ခြေတို့ကို မိန်းမ၏ လက်ယာ ပခုံးနှင့် ဦးပေါ်တွင် တင်၍ ရေးရမည်။

ထို့အတူ စမရုပ်၏ လက်ဝဲ လက်ခြေတို့ကို မိန်းမ၏ လက်ဝဲ ပခုံးနှင့် ဦးပေါ်တွင် တင်၍ရေးရမည်။

ထို့နောက် ဘုရားဂုဏ်တော်နှင့် တတ်အားသရွေ့ ရွတ်၍ မိန်းမ၏ သားမြတ်နှစ်ခု အကြား၌ လက်ဖွဲ့ကို လိပ်ရမည်။

ပြီးလျှင် မိန်းမ၏ ပါးစပ်၌ လက်ဖွဲ့ကို ပေါ်အောင်ကိုက်ထားစေပြီးမှ မိမိ၏ပါးစပ်နှင့် လက်သုံးသစ်ခန့် ပါးစပ်ချင်း ခွာ၍....

အရဟံ သုဂတော ဗုဒ္ဓေါ ဘဂဝါ သွာဟ။

ဟူသော ဂါထာဖြင့် (၃၇)အုပ် စုတ်ရမည်။

ယင်းသို့ ဂါထာစုတ်၍ ပြီးသည်နှင့် ကာမကိစ္စလည်း အပြီးတိုင်သို့ ရောက်စေရမည်။

ထို့နောက် 'ငါ၏ လက်ဖွဲ့ကို ပေးလော့' ဟု ဆို၍ မိန်းမ ပါးစပ်၌ ရှိသော လက်ဖွဲ့ကို မိမိ၏ ပါးစပ်နှင့် ကိုက်၍ ယူရမည်။

အညွှန်း


.... ယင်းလက်ဖွဲ့ကို နှုတ်တွင်ငုံ၍ စကားပြောရသော် ဣတ္ထိသျှို့၌ သူမတူအောင် အစွမ်းထက်မြက် စူးရှလှသည်။

.... ယင်းလက်ဖွဲ့ကို ကိုယ်၌ ဆောင်သော် သဗ္ဗသျှို့၌ အလိုရှိသမျှ ကိစ္စပြီးမြောက်သည်။

ငီယသျှို့ ဖောင်စီးလက်ဖွဲ့ဖြစ်သော်လည်း ပီယနှင့် သက်ဆိုင်သည့် အမှုကိစ္စတိုင်း၌ ဉာဏ်ရှိသိုင်း ချဲ့တွင် သုံးစွဲနိုင်သည်။

သို့သော် သစ္စာလည်း ရှိပါစေ၊ ကာမေသုကိုလည်း အထူး ရှောင်ကြဉ်ပါလေ။

မီးဘေးမှ ကင်း၍
ဓား, လှံ, သေနတ် လက်နက်အန္တရာယ်
မျိုးစုံ ကာကွယ်သော
အာကာကြီး လက်ဖွဲ့ အစီအရင်




**အာကာကြီးအင်း၊**

စီရင်နည်း စီရင်ဟန်

ဤ အာကာကြီးအင်းကို သိဒ္ဓိစုတ်ကြိုက် နှစ်ပက် ကဏ်း ကမ္ဘနက္ခတ် ကျသော တနင်္ဂနွေနေ့ နေတက်ချိန်၌ စီရင်ရမည်။ ရွှေ, ငွေ, သလွဲစင်, ကြေးကမ္ဘဝါ, သိမ်ဝင် ငွေပြား, ကြေးပြားတို့အနက် ရရာ တစ်ခုခုတွင် စီရင်၍ လက်ဖွဲ့ထိုးပြီး လျှင် ကြိုးတပ်ရမည်၊ ယင်းလက်ဖွဲ့ကို လည်ပင်း၌ ဖြစ်စေ၊ လက်မောင်း၌ ဖြစ်စေ အမြဲ ဆောင်ရမည်။

အင်းအာနိ

နမော ဗုဒ္ဓါယ ဋ္ဌ,ʻထဉ,က

## အစုံတော် ဂါထာမန္တန်

ပြီးလျှင် အောက်ပါ ဂါထာမန္တန်များဖြင့် (၁၀၈) ထုပ်ပိ စုတ်ရမည်။

(၁) ဥုံ နမော ဗုဒ္ဓါယျ....
ဋ္ဌမမေမ္မံ ဇဟိတ္တာန၊
ဋ္ဌရတိ ဝဋ္ဋဒုက္ခတော။
ဋ္ဌပရိတ္တာ ဝါသနာနိ၊
ဋ္ဌရတိ အမတံ ပဒံ

(၂) ဥုံ နမော ဗုဒ္ဓါယျ....
သမ္မာသမ္ဗုဒ္ဓ သမ္မုဒ္ဓေါ၊
သံအဒေသိ ပဝရေ ဇနေ။
သဒ္ဓမ္မရံသိယာ လောကေ၊
သဗ္ဗတမံ ဝိနောဒတိ။

(၃) ဥုံ နမော ဗုဒ္ဓါယျ....
ဥတွာန ဒုက္ခသစ္စာနိ၊
ဥတ္တိ သမုဒယာနိ စ။
ဥတ္တိ မဂ္ဂနိရောဓာနိ၊
ဥတ္တိ စ အမတံ ပဒံ။

(၄) ဥုံ နမော ဗုဒ္ဓါယျ....
ကမတိ သုခ ဒုက္ခာနိ။
ကမတိ နိန္ဒာ ပသံသိ။

ကမတိ လာဘာလာဘဥ္စ၊
ကမတိ ဧ ယသာယတိ။

ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့် (၁၀၈) အုပ် ပေါ်ပြီး ရုတ်ရမည်။

ဥုံ အာဒိကပေ့ အဂ္ဂပိန္နယာ တေ့ရက္ခိရ ယောဂံ, ဝိဇ္ဇာယောဂံ, တေ့ဓာတုပသိဒ္ဓိယာ နမော ဗုဒ္ဓါယ မဟာသတ္တ သိဒ္ဓိကိစ္စံ သိဒ္ဓိကမ္မံ သွာဟုံ။

အညွှန်း

.... လက်ပွဲလေးခု လုပ်၍ အိမ်လေးထောင့်၌ ချိတ်ထား လျှင် ခိုးသား ဓားပြ ရန်သူဘေးမှ ကာကွယ်သည်။

.... ပတ်ဝန်းကျင်ကို မီးဝိုင်းရံ၍ လောင်သော်လည်း မိမိ နေထိုင်ရာအိမ်မှာ မလောင်ဘဲ ကြွင်းကျန်နေရ မည်။

.... ယင်းလက်ဖွဲ့ကို ကိုယ်၌ အမြဲဆောင်ထားပါက ကျ ရောက်လာမည့် ဘေးဥပဒ် အန္တရာယ် အပေါင်းမှ ကာကွယ်မည်။

.... ဓား လှံ သေနတ် စသော လက်နက်အမျိုးမျိုးတို့၏ အန္တရာယ်မှ ကာကွယ်မည်။

.... အပြူမျိုး, အတိုက်မျိုးတို့နှင့် ဖုတ်, တစ္ဆေ စသော မကောင်းဆိုးဝါးတို့၏ အန္တရာယ်မှ ကာကွယ်မည်။

.... စုန်းပယောဂနှင့် ဖုတ်၊ တစ္ဆေ၊ ဘီလူး ဖမ်းစားခြင်း များအတွက် ဤ လက်ဖွဲ့ကို ရေစိမ်၍ တိုက်ပါက ချက်ချင်း ပျောက်ကင်းမည်။

.... စိတ်ပျံ့လွင့်သူများကိုလည်း ရေစိမ်၍တိုက်ပါက ပုံမှန် စိတ်အတိုင်း ပြန်လည် ကောင်းမွန်လာမည်။

'ဋ္ဌ၊ သ၊ ဥ၊ က' ဟူသော လေးလုံးသော စမ၊ လေးပါး သော ဓာတ်၊ ငါးဆူသော ဘုရားရှင်တို့၏ တန်ခိုးအားဖြင့် ညက်သွားကျယ်တိုင်း အမျိုးမျိုး ချွတွင် သုံးစွဲနိုင်သော လက်ဖွဲ့ အစီအရင်ဖြစ်သည်။

....၀

## ပီယန္တတ်ငုံ လက်ဖွဲ့ အစီအရင်

| | |
|---|---|
| ၀ | ၁ |
| ၇ | ၈ |

## စီရင်နည်း စီရင်ဟန်

ငွေပြားတွင် လေးကွက်အင်း ချပါ၊ ပြီးလျှင် အောက်ပါ စမအက္ခရာ လေးလုံးကို အင်းဆံအဖြစ် သွင်း၍ လက်ဖွဲ့ထိုး ပါ။

ဓ ဓ ဗ ဝ

လက်ဖွဲ့ထိုးပြီးနောက် မေတ္တာသုတ် ပရိတ်တော်ဖြင့်(၇၇) အုပ် စုတ်ရမည်။

ယင်းလက်ဖွဲ့ကို နှုတ်တွင် ငုံ၍ ဆောင်ရမည်၊ အလိုရှိသော အခါ အောက်ပါ ဂါထာမန္တန်ဖြင့် (၇)အုပ် နှိုးပြီးမှ အသုံး ပြုရမည်။

## ဂါထာမန္တန်

ဥုံ ဣဋ္ဌိစိတ္တံ ပိယံမှိုင်းမှိုင်း

အထူး သတိပြုရန်မှာ အနှိုးဂါထာမန္တန်ဖြင့် မနှိုးဘဲနှင့် အသုံးမပြုရန်ပင် ဖြစ်သည်။

## အညွှန်း

.... နှုတ်ငုံ လက်ဖွဲ့ဖြစ်သည့်အတိုင်း တရား တပေါင် ဖြစ်လျှင် နှုတ်မှာငုံ၍ လျှောက်လဲချက်ပေးပါ၊ ယင်းအမှု မုချ နိုင်ရမည်။

.... အလိုရှိသော မိန်းမထံ သွားသောအခါ နှုတ်မှာ ငုံ၍ စကားဆိုပါ၊ မြောသမျှ အောင်မြင်မည်။

ပီယလက်ဖွဲ့ ဖြစ်၍ သူတစ်ပါး မယားကိုလည်း ရှောင်ပါ၊ သစ္စာရှိပါ၊ အတည်မယူတဲ့ မကြံပါနှင့်ဟု မူလ ပေစာ ကျမ်းရင်း၌ အမှာအထား ရှိသည်။

....၀....

## ကုန်ရောင်းရသွက်သော
## လက်ဖွဲ့အစီအရင်

| | | | |
|---|---|---|---|
| ကု | ဓ | သွိ | ပိ |
| ဓ | သံ | ပါး | တာ |
| သံ | ဒိ | ပေ | ဓိရ |
| မာ | ဓော | မံ | ကူ |

| | | | |
|---|---|---|---|
| ဒိ | ဓေ | ဥ | သံ |
| ပါး | ဒိ | သွိ | ဝ |
| ရှု | ကု | ဓ | သံ |
| ကူ | ပံ | ဓော | မာ |

## စီရင်နည်းစီရင်ဟန်

ရွှေပြားတွင်ဖြစ်စေ၊ ငွေပြားတွင်ဖြစ်စေ အထက်ပါ အတိုင်း အင်းချပါ၊ ထို့နောက် အောက်ပါ ဂါထာမန္တန်ကို အင်းဆန် အဖြစ် သွင်း၍ လက်ဖွဲ့ထိုးပါ၊ ပြီးလျှင် နံ့သာ ငါးပါးရေတွင် စိမ်၍ ယင်းဂါထာမန္တန်နှင့်ပင် (၃၇) အုပ် စုတ်ရမည်။

### ဂါထာမန္တန်

ဥုံ ဇူမသွိ ဝိဟာဒေ ဇူမ့် တေမာသံ
ဝသံ ဥပေမိ။

ထို့နောက် အောက်ပါ ဂါထာမန္တန်နှင့် (၃၇) အုပ်ထပ်ပြီးရွတ်ရဦးမည်။

### ဂါထာ မန္တန်

ဥုံ အဟံဗေဒရိသတ္တော ပရကာ နိုပ်ဆရာနိုပ်
ဘာယံဘောနိုပ်၊ ဥုံ ဒေဝရာဇာ သွားဟုံမဲ့ဟုံမဲ့။

ယင်းဂါထာမန္တန်ကို ရွတ်သောအခါ ပီပီပြင်ပြင် ပီသကျနအောင် ရွတ်ဖို့ အရေးကြီးသည်။

### အညွန်း

.... ယင်းလက်ဖွဲ့ကို သန့်သန့်ပြန့်ပြန့်ထားပြီး ဆောင်ပါ။

.... အရောင်းရထိုင်းသော ကုန်များပင် အရောင်းရ တွင်ကျယ် သွက်လာသည်ကို တွေ့ရှိရပေလိမ့်မည်။

.... ယင်း လက်ဖွဲ့ကို ရေဋ္ဌိစိမ်၍ ရောင်းမည့် ကုန်ပစ္စည်းကို တောက်ပါ၊ ဖိုမို၍ ထိရောက်ပါလိမ့်မည်။

ဉာဏ်ရှိတိုင်း အမျိုးမျိုး ချဲ့ထွင် အသုံးပြုနိုင်သော အစီအရင် ဖြစ်သည်။

## ရုပ်တုနှင့် ဂဝံ အစီအရင်ကဏ္ဍ

စီးပွားဥစ္စာတိုးတက်၍

လာဘ်လာဘ ပေါများစေသော

ရှင်သီဝလိ အစီအရင်

| | |
|---|---|
| ဦ | သိ |
| လိ | ဝ |

စီရင်နည်း စီရင်ဟန်

ဝါးပျို့ သို့မဟုတ် နံ့သာဖြူကို ပရိက္ခရာ စုံလင်စွာနှင့် ရှင်သီဝလိ ရုပ်တုတော် ထုလုပ်ပူမည်၊ သားရေနွယ် ပါစေ ရမည်

ပလ္လင်တော်တွင် လေးကျက်အင်း ချ၍ 'ဥုံ ရှင်သီဝလိ' ဟု အင်းဆန် ဖည့်သွင်းရမည်၊ ထို့နောက်–

နဖူးတော်၌ 'ဝိယံ'
သပိတ်တော်၌ 'လာဘံ'
ယပ်တော်၌ 'သုခံ'
တောင်ဝှေးတော်၌ 'ဓနံ'
သားရေနွယ်၌ 'မနာပံ'

ဟူ၍ အသီးသီး ရေးရမည်။

## အသက်သွင်းရန်ဂါထာ

ဥုံ ဣတိပိ အရဟံ အဝိညာကာကံ သိဒ္ဓိ အုံး အုံး။

ဤဂါထာဖြင့် (၇)အုပ်စုတ်ပြီး အသက်သွင်းရမည်။

## သာမဏေ ပြုခွင့်တောင်းရန် ဂါထာ

ဥုံ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

ဤဂါထာကို (၇) ခေါက်ရွတ်ကာ ရှင်သာမဏေပြုရန် ခွင့်တောင်းဆိုရမည်။

## ဆရာ့ထံသို့ သင်္ကန်းကပ်ရန်ဂါထာ

ဥုံ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဤဂါထာကို(၃)ခေါက် ရွတ်ဆိုကာ ဆရာ့ထံသို့ သင်္ကန်း ဆက်ကပ်ရမည်။

**ဆရာ့ထံမှ သင်္ကန်းတောင်းရန် ဂါထာ**

ဥုံ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကာရဏတ္ထာယ ဧတံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဤဂါထာကို (၃)ခေါက်ရွတ်ဆိုကာ ဆရာ့ထံမှ သင်္ကန်း တောင်းရမည်။

ယင်းသို့ သင်္ကန်းတောင်းပြီးနောက် ရှင်သာမဏေ ဆယ်ပါး သီလ ခံယူရမည်။

ထို့နောက် အောက်ပါ ဂါထာ (၄)ပုဒ်ကို (၃)အုပ်စီ စုံတ်ရမည်။

(၁) ဥုံ သောတာပတ္တိမဂ္ဂံ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနေန ပဟီနာယာဂမနော သတ္တက္ခတ္တုံ ပရမော သောတာပန္နောနာမ ဟောတိ။

(၃) အုပ်

(၂) ဥုံ သကဒါဂါမိမဂ္ဂံ ဘာဝေတွာ ရာဂဒေါသ- မောဟာနံ တနုကရတ္တာ သကဒါဂါမိနာမ ဟောတိ၊ သကိံ ဒေဝ ဣမံ လောကံ အာဂန္တွာ။

(၃) အုပ်

(၃) ဥုံ အနာဂါမိမဂ္ဂံ ဘာဝေတွာ ကာမရာဂ–
ဗျာပါဒါနံ မနဝသေသပဟာနေန အနာဂါမိ–
နာမဟောတိ၊ အနာဂါမ္ဗာ ရူဋ္ဌတ္တံ။
(၇) အုပ်

(၄) ဥုံ အရဟတ္တမဂ္ဂံ ဘာဝေတွာ အနဝသေသ
ကိလေသပဟာနေန အာရဟာနာမ ဟောတိ၊
ခီဏာသဝေါ လောကေ အဂ္ဂဒက္ခိဏေယျော။
(၇) အုပ်

ယင်းသို့ (၇)အုပ်စီ စုတ်ပြီးနောက် 'သုပ္ပဋိပန္နော' အစ ရှိသော သံဃာဂုဏ်တော် ပါဠိကို (၁၇)အုပ် စုတ်ရဦးမည်။

ထို့နောက် သိမ်ထဲတွင် ပဥ္စင်းလောင်းများ ပဥ္စင်းခံသည့် အတိုင်း ပဥ္စင်းလောင်း ဆိုးမသော ကမ္မဝါစာဖြင့် ဆိုးမပြီး ပဥ္စင်းပြုရမည်။ ပြီးမှ....

ဥုံ တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ လာဘီနံ ယဒိဒံ သီဝလိ။

ဟူသော ဗုဒ္ဓဘုရားရှင်က အရှင်သီဝလိ မထေရ်မြတ်အား တေဒဂ်ဘွဲ့ထူး ပေးသော ဗုဒ္ဓမုခပါဠိ ပါဠိတော်နှင့် (၇) အုပ် စုတ်ရမည်။ ထို့ပြင်....

.... ရှင်သီဝလိ (၁၀)ဂါထာနှင့် ရသမျှ (၇) အုပ်၊
.... ရှင်သီဝလိ သုတ်တော်နှင့် (၇)အုပ်
အသီးသီး စုတ်ရမည်။

ပြီးလျှင် ယင်း သီဝလိ ရုပ်ပွားတော်အား သိဒ္ဓိတင်ခြင်း, ရွှေချခြင်းများ ပြုလုပ် ကိုးကွယ်ရမည်။

နေ့စဉ် ဆွမ်းကပ်လှူခြင်း၊ ပန်း ကပ်လှူခြင်း၊ ရေချမ်း ကပ်လှူခြင်း၊ ဆီမီး ကပ်လှူခြင်းတို့ကို တတ်နိုင်လျှင် တတ်နိုင်သလောက် ပူဇော်ပြုလုပ်ရမည်။

## အညွှန်း

.... အရှင်သီဝလိမထေရ်မှာ ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင်က လာဘ်လာဘ ပေါများသည့် အရာတွင် 'ဧတဒဂ်' ဘွဲ့ထူးပေးခြင်းခံရသည့် ရဟန္တာပုဂ္ဂိုလ်ထူး ဖြစ်သည့်အတိုင်း ယင်းရှင်သီဝလိ ရုပ်ပွားတော် ကိုးကွယ်သည့်နေ့မှစ၍ သိသိသာသာ ထူးထူးခြားခြား လာဘ်လာဘများ ဝင်လာလိမ့်မည်။

.... ဘုန်းတန်ခိုးကြီး၍ လူအများ၏ ရိုသေမှု လေးစားမှုကို ခံယူရမည်။

.... အလုပ်အကိုင် အကြံအစည်များ လုပ် ကိုင် တိုင်း မယုံကြည်လောက်အောင် အောင်မြင်လိမ့်မည်။

.... ဘေးဒဏ် ရန်မာန် အန္တရာယ် အမျိုးမျိုးမှ ကင်းဝေး ပပျောက်မည်။

.... အထွေထွေသော ဇုစ္ဆာသယနှင့် ပြည့်ဝလိမ့်မည်။

ယုံယုံကြည်ကြည်နှင့် ကိုးကွယ်ပူဇော်ပါ၊ 'ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ' ဆိုသကဲ့သို့ ကုသိုလ်လည်း ရရုံမက လောကီသုခ အနန္တလည်း ရရှိသည့် အစီအရင် ဖြစ်သည်။

ထို့ပြင် **ဗားမဲ့ ဗားတမော့ လက်တွေ့ အစီအရင်ကျမ်း** ပထမတွဲ ရုပ်တုနှင့် ဂဝံ အစီအရင် ကဏ္ဍ စာမျက်နှာ(၁၁၁)၌ ဖော်ပြထားသော "**ရှင်သီဝလိသုတ်တော်နှင့် ဂါထာတော်များ**" ဆက်နိုင်သမျှ ရွတ်ဆိုပူဇော်ပါက ပိုမို၍ ကောင်းကျိုးသုခ အနန္တကို ရရှိနိုင်ပေသည်။

....၀....

ကိုယ်၌ ထက်ကြပ်မကွာ စောင့်ရှောက်နေသော

**ကိုယ်စောင့် စိဇ္ဇာရုပ်တု အစီအရင်**

စီရင်နည်း စီရင်ဟန်

တနင်္ဂနွေ ကြုံသော လဆန်း ၇ ရက်နေ့ ဘွဲ့မ်းခံဝင်ချိန်ခန့်တွင် ကိုယ်ရံကြီးဥကို ယူ၍ (၇) ရက် နေလှန်းရမည်။

ထို့နောက် နှစ်ဖက်ကာကူး—သိဒ္ဓိစုတ်ကြိုက်ကမ္မနုက္ခတ်ကြုံ သော တနင်္ဂနွေနေ့ ဆွမ်းခံဝင်ချိန်တွင် ဝိဇ္ဇာရုပ်ထုလုပ်ရမည်။

## ပုံသဏ္ဌာန်

ဝိဇ္ဇာရုပ်တုမှာ မတ်တတ်ရပ်၊ လက်ပိုက်၊ သံခမောက် ဆောင်း၊ အင်္ကျီရှည်၊ ခါးစည်းနှင့် ဘောင်းဘီ အနားပေါ် အောင် ထုလုပ်ရမည်။ ပြီးလျှင်....

| | | |
|---|---|---|
| နဖူး၌ | .... | 'ဦ' |
| လက်ဝဲလက်မောင်း၌ | .... | 'သာ' |
| လက်ယာလက်မောင်း၌ | .... | 'က' |
| ရင်အထက်၌ | .... | 'ဋ' |

အသီးသီး ရေးရမည်။

ထိုနေ့ ညဉ့်ဦးယံ၏ ပထမပိုင်းတွင် လူမနီးသော ဘုရား ဟောင်းရှေ့၌ ဆီမီး(၉) တိုင်နှင့် ပန်း (၉) ခိုင် ပူဇော်၍ အောက်ပါဂါထာမန္တန်ဖြင့် (၁၀၈)အုပ် စုတ်ရမည်။

## ဂါထာမန္တန်

ဥုံ ပထမံဝိဇ္ဇာစရာ စရိယောန ဗောဓိသတ္တံ ခမတိ၊ စတုပ်ဟ ဓာတုပ်ဟိ ပြသိဒ္ဓိ သဗ္ဗဝိဇ္ဇ နမော ဇုဒ္ဓါယ ပြသိဒ္ဓေါ၊ သဗ္ဗန္တရာယ သမဏော၊ ဝေရီ ပလာယ

ကော၊ သမ္ဗုဗန္ဓန ဆိဗ္ဗော၊ ဝိဇ္ဇာဓေယာဂေ ကြုသ္မွာသု၊
ဣဟ္ဃတ္တ ဣဟ္ဃတ္တ။

ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့်လည်း (၁၀၈) အုပ် ထပ်မံ့ ရွတ်ပါဦး။

## ဂါထာမန္တန်

ဥုံ ဣတိပိ ဝိဇ္ဇာဓေယာဂံ သဝိညာဏယံ ဝိဇ္ဇာရုပံ၊ သဝိညာဏကံ၊ စတုဓာတု ပသိဒ္ဓိတံ၊ သမံ အံ အုံ။ အထူး သိဒ္ဓိတင်ရန် မလိုတော့ပြီ။

## အညွှန်း

.... ယင်း ဝိဇ္ဇာရုပ်တုကို သွားလေရာရာ နံ့သာကြုတ်နှင့် ထည့်၍ ဆောင်ရမည်၊ ဆောင်လျှင် ကြုတ်ကို လည်ပင်း၌ ဆွဲ၍ဆောင်ရမည်။

.... ရန်သူရှိသော လမ်းကိုသွားလျှင် ကြုတ်ကို လက်ယာ လက်တွင် ဆုပ်၍သွားရမည်။

.... ရေလမ်းခရီးသွားရာ၌ ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ ရလျှင် ကြုတ်ကို နှုတ်တွင်ငုံ၍ ကူးရမည်။

.... ရန်သူများ ဝိုင်းမိထားပါက ကြုတ်ကို နှုတ်တွင် ငုံ၍ ထွက်ရမည်။

.... မင်းအိမ်၊ ရုံးပြင်ကနား စသည် မင်းစိုးရာဇာနှင့် ပတ်သက်လျှင် ချောင်ရှိက ချောင်တွင် ထား၍ တက်ရမည်၊ အကယ်၍ ချောင်မရှိက ကြွက်ကို ကိုင်၍ နဖူးဆံစမှ နောက်သို့ အသက်အောင့်ပြီး ခုနစ်ကြိမ် သပ်ပြီးမှ မင်းအိမ်သို့ တက်ရမည်။

.... အရေးအရာ ပေါ်ပေါက်မည်ထင်လျှင် ခေါင်းအုံး အောက်တွင် ထား၍ အိပ်ရမည်၊ အကြောင်းရှိက သိရလိမ့်မည်။

.... အိပ်မက်ကိုလိုလျှင်လည်း လိုတိုင်းရသည်။

ဤကိုယ်စောင့် ဝိဇ္ဇာ ရုပ်တုကားအမှုကိစ္စ၊ အရေးအခင်း၊ အကျဉ်းအကျပ်မျိုးမှ တစ်နည်းနည်းဖြင့် လွတ်မြောက်စေ တတ်သော ရုပ်တုဖြစ်သည်၊ ယုံယုံကြည်ကြည်နှင့် ဆောင်ကြ ပါလေ။

....၀....

ရန်အပေါင်းမှ လွတ်မြောက်စေနိုင်သော

**ဥတိန္န အစီအရင်**

စီရင်နည်း စီရင်ဟန်

ဆင်မာန်ကွယ် သို့မဟုတ် ရွှေစင်ဖြစ်စေ၊ ငွေစင်ဖြစ်စေ ရရာ တစ်ခုခုကို ဥတိန္နမင်း ဆင်စီးပြီးလျှင် စောင်းတီးနေ ဟန် ထုရမည်။

ဥတိန္နမင်း၏ ပုံသဏ္ဍာန်မှာ တောတွင်းသားပုံစံ သျှောင်တခေါင်းနှင့် တစ်ပတ်လျှိုထုံး၍ အဝတ်အစားမှာလည်း တောတွင်းသား အနေအထားမျိုး ဖြစ်နေစေရမည်။

ထို့နောက် သိမ်ထဲတွင် ပွဲတိုင်ခင်း၍ အောက်ပါ ဂါထာ မန္တန်ဖြင့် (၁၃)အုပ် ရုတ်ရမည်။

## ဂါထာ မန္တန်

ဥုံ ဟိမဝန္တာ တောသုံးတောင်ကို အစိုးရသည့် နတ်လှကျော်ထင် နတ်သခင်၊ နတ်ရှင်တို့ ရှေ့ပါး စွယ်ဖျားသုတ်သင် မ,ကို ခင်သ၍—လာခဲ့ဆင်ပြောင် မယ်ချစ်မောင်—နှိမ်ဆရာနှိမ် မှိန်ဆရာမှိန် တိုက်ဆရာ တိုက် သွားဟ။

## အညွှန်း

.... ယင်း ဥတိန္နရုပ်ကို ဆောင်သောအခါ အောက်ပါ ဂါထာဖြင့် (၃) အုပ်နှိုးပြီးမှ ဆောင်ရမည်။

ဥုံ ဇုမ္မိ ဟေ၊ ဓမ္မိ ဟေ၊ သံသံ ဟေ၊
ချဉ်းဆရာချဉ်း—ကာဆရာ ကာ။

.... ညာဏ်ရှိတိုင်း သုံးနိုင်သော ဥတိန္န အစီအရင် ဖြစ်သည် ဟု ဆရာစဉ်ဆက် မှာကြားခဲ့သည်။

သို့သော် ဥတိန္နမင်း၏ ရုပ်ပုံသဏ္ဍာန် ထုလုပ်သောအခါ သဘာဝလည်း ကျဖို့လိုသည်၊ ရုပ်သဏ္ဍာန်လည်း ပီပြင်ဖို့လို သည်၊ ဂရုပြုပြီး ထုလုပ်ပါလေ။

....ဝ....

အတိုင်းမသိ လိုတိုင်းရသော

ဗောဓိဂဝံ အစီအရင်

စီရင်နည်း စီရင်ဟန်

ညောင်ဗောဓိ ကျည်းပေါင်း ဆင်လွှတ်ကို လက်သစ်ဆိမ် ခန့်ဖြတ်၍ နက္ခတ်နှစ်ဆက်မြင် အဝင်ကြုံသောအခါ၌ဖြစ်ဖြစ်၊ ခပတ်ကြုံသော အခါ၌ဖြစ်ဖြစ် စနေနေ့ သို့မဟုတ် အင်္ဂါနေ့ တွင် ဂဝံရုပ် ထုရမည်။

ပုံသဏ္ဍာန်မှာ လက်ပိုက်နေ၍ ညာဖက်မှာ ဒူကုဋ်တင်ထား ဟန် ဖြစ်သည်။

ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့် ကြက်ဖို့ ကြက်မ ကောင်လုံးကို ၁၀၀၀ စီ စုတ်၍ တင်ပြီးမှ ဂဝံရုပ်ကိုလည်း ၁၀၀၀ စုတ်ရမည်၊ တစ်နေ့ တည်းနှင့် အပြီး စီရင်ရမည်။

## ဂါထာမန္တန်

ဥုံ ဘဂဝါတိ အာဒါယ ဘဂဝါတိ၊ မန္တရက္ခာ ဘဂဝါတိ၊ ဆိန္ဒု ဆိန္ဒု၊ ဘိန္ဒု ဘိန္ဒု မန္တဇာဂါ ဘဂဝါတိ။

## အညွှန်း

.... မင်းစိုးရာဇာထံသွားလျှင် – 'ငါ့ဘဘ'ဆို၍သွားပါ။

.... ဆရာ့ထံ သို့မဟုတ် ကိုယ့်ထက် အကြီးအကဲထံသွားလျှင် – 'ခေါင်းပေါ်'မှာ ထား၍ သွားပါ။

.... ကြုတ်မပါဘဲ ငုံထားလျှင် – နေ့ကို မမြင်နိုင်၊

.... ကြုတ်ပါငုံထားလျှင် – ညကိုမမြင်နိုင်၊

.... ရွှေကထားလျှင် – ရှိန်းပြီး၏၊

.... ယာကထားလျှင် – အတုပ်အနှောင်လွတ်၏၊

.... ကြုတ်ကိုဖွင့်ထားလျှင် – သူခိုးလာ၏၊

.... လျှာအောက်၌ထား၍ငုံလျှင် – တစ်အိမ်လုံး အိပ်၏၊

.... ထိပ်၌ထားလျှင် – တစ်အိမ်လုံးချစ်၏၊

.... လက်ျာနံစောင်းမှာထားလျှင် – တရားနိုင်၏။

.... လက်ယာ လက်ကောက်ဝတ်၌
ဝတ်လျှင် .... ဆင်ကို နိုင်၏။

.... လက်ဝဲ လက်ကောက်ဝတ်၌
ဝတ်လျှင် .... ဆင်လာ၏။

.... လက်ညှိုး၌ ဝတ်၍ သစ်ပင်
အောက် ဝင်လျှင် .... ကိုယ်ပျောက်၏။

.... ဆီစိမ်၍ လူးလျှင် .... မျက်နှာ ပွင့်လန်း၏။

ဉာဏ်ရှိတိုင်း ချဲ့ထွင် သုံးစွဲနိုင်သည်၊ ရာဇသျှိ၊ သဗ္ဗသျှိ၊ ရှုတ္တိသျှိ၌ အတိုင်းမရှိသော ဂဝံ အစီအရင်တည်း။

....o....

ပီယသျှိ၊ ရာဇသျှိ၊ သဗ္ဗသျှိ
လက်ဖျံမွှေး ဂဝံ အစီအရင်
စီရင်နည်း စီရင်ဟန်

ကိုယ်ဝန်ဆောင် လက်ဖျံမွှေးကို ယူ၍ ဂဝံ မျက်နှာဖုံး ပီသစွာ ထုလုပ်ရမည်။

ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့် (၁၀၀၀) အုပ် စုတ်ရမည်။

## ဂါထာ မန္တန်

ဥုံ မောဂ္ဂိတော ထောလံအံ မဗလတုံ့ ဟိံ သိတံ မိံ ရက္ခန္တု ကုရု ကုရု သွားဟ။

## အညွန်း

- ယင်း ဂဝံကို အမြဲဆောင်ထားပါက ရာဇ, သတ္တ, ဣတ္ထိ သျှိသုံးပါးလုံး၌ အပြီးတိုင် စွမ်းလှ၏။
- ကုန်မစုံသော ဂဝံကို ရေစိမ်၍ ကုန်ကို ပက်ဖျန်းပါ။ ဂဝံရုပ်ကိုလည်း ကုန်နှင့် အတူထားပါ၊ ရောင်းလို သမျှ ကုန်များ စွံ လိမ့်မည်။
- မိမိ အလိုရှိသော မိန်းမအိမ်သို့ သွားပါက 'ငါ့ အကျိုးဆောင်ရမည်' ဟု အမိန့်ပေးပြီးမှ သွားပါ၊ အလိုရှိသမျှ ပြည့်ဝလိမ့်မည်။
- ခိုက်ရန်ရှိသော အခါ၌ 'ဥုံ ရက္ခဒေဝ ထဆရာ ထ' ဟူသော ဂါထာနှင့် (၃)အုပ် နှိုးပြီးမှ သွားပါ၊ အဟန့်ကောင်းလှ၏။

သို့သော် ယင်း ဂဝံရုပ်ကို ညအိပ်သောအခါ ခေါင်းရင်း၌ မထားမိဖို့နှင့် သူတစ်ပါးအား မငှားမိဖို့ကိုတော့ သတိပြုပါလေ။

## အန္တရာယ်နှင့်ကြုံတိုင်း ကြိုတင် သတိပေး စောင့်ရှောက်သော

## ပယောဂ ဆေးနွားရုပ် အစီအရင်

### စီရင်နည်း စီရင်ဟန်

၁။ တမာ
၂။ ပိတ်ချင်း
၃။ ရှောက်ကောင်း
၄။ ချင်းချောက်
၅။ ဆင်သမန္တယ်
၆။ ကြက်မအုပ်
၇။ နွားမြေရှင်း

ယင်းဆေး(၇)မျိုးကို အညီအမျှ စုပါ၊ ယင်းသို့ စုသော အခါ ဆေးတစ်မျိုး တစ်မျိုးကို အောက်ပါ ဂါထာမန္တန် ဖြင့် (၃၇)အုပ် ရွတ်၍ ယူရမည်။

### ဂါထာမန္တန်

ဥုံ ဩသမ် သောသို ဩသမ် သဗ္ဗေသတ္တာ၊ ပါလ-ယန္တု၊ ဩသမ် ဇီဇနု ကောက် သိုက် ယောက် ကောက်မှု ဝါခေါက် ရှူပံ သွန်စိုက် နဟောက်ဟာရည် ဟာကောက်ပင် သတ္တိုဒိုင်မှာ တြိုကိုင်တွဲ နာ ညွှန် ဆစ်တို ဩသမ် သွားဟိုင်။

ထို့နောက် သန့်ပြန့်သော ကျောက်ပျဉ်၌ ဓမ္မနအင်း ၆ အင်း ပြည့်အောင် ရေး၍ အပေါ်၌ မျက်နှာကြက် မိုးဖြိုးလျှင် အထက်ပါ ဆေး (၇)မျိုးကို ကြိတ်ရမည်။

ယင်းသို့ ဆေးကြိတ်သောအခါ အုန်း၊ ငှက်ပျော ကန်တော့ပွဲနှင့် မုန့်ဖြူ မုန့်နီ စုံလင်စွာ ပါရှိစေရမည်။

ဆေးကြိတ်ပြီးသောအခါ နေရိပ်တွင် အူးခက် အုပ်၍ ခြောက်အောင် လှမ်းပါ၊ ခြောက်လျှင် နွားရုပ်သဏ္ဍာန် ပီသအောင် ထုလုပ်၍ ရွှေချထားပါ။

## နှိုးခြင်း

ထို့နောက် အောက်ပါ အနှိုးဂါထာဖြင့် (၇) အုပ် နှိုးပါ။

## ဂါထာ

ဥုံ စတုလောက ပါလာထထ၊
ဣန္ဒောဒေဝါ ထထ၊
သက္ကောဒေဝါရာဇာ ထထ။

## မြက်ကျွေးခြင်း

ထို့နောက် မြက်ညှန့်(၇)ထုံးကို အောက်ပါ ဂါထာဖြင့် (၇)အုပ် မန်း၍ ယင်း ဆေးနွားကို ကျွေးရမည်။

## ဂါထာ

ဥုံ ကျည္ဆလောအိမ်စွန့်သွားဟ။

## တိုက်ခြင်း

ထို့နောက် ယင်းဆေးနွားကို အောက်ပါ ဂါထာဖြင့် (၇)အုပ် မန်း၍ တိုက်ပါ။

ဥ၊ နန္ဒ နန္ဒ သရပ္ပဟယ် ဆရာဟယ်၊ စုမ္မတိုက် ဆရာ တိုက်၊ လိုက်ဆရာ လိုက်။

## အညွှန်း

- စုန်းပယောဂ အပင်း ရှိသူ၊ အစွဲရှိသူ တို့အား ယင်းဆေးနွားကို တစ်စက်လက်ဖြန်ရေ သွေး၍ ပက်လေ၊ သိသာထင်ရှားလိမ့်မည်။
- သူတစ်ပါးမကောင်းကြံလျှင် ယင်းဆေးနွားလုံးပ် ရှားလာလိမ့်မည်၊ အသိပေးလာလိမ့်မည်၊ ထိုအခါ သတိနှင့် နေရမည်။

ရိုရိုသေသေ ဆောင်ပါက ပယောဂနှင့် ပတ်သက်သမျှ အကျိုးအနန္တတည်း။

× + ×

မီးဘေး ရေဘေး လေဘေး စသော
ဘေးအန္တရာယ်အမျိုးမျိုးတို့မှ
ကင်းလွတ်စေနိုင်သော

**ရှင်ဥပဂုတ် ရဟန္တာ ထုလုပ် ကိုးကွယ်နည်း အစီအရင်**

စီရင်နည်း–စီရင်ဟန်

ရှင်ဥပဂုတ်ရဟန္တာကို ဝိဇ္ဇာယာနည်းအစီရင်ဖြင့် ထုလုပ်ကိုးကွယ်လိုပါက....

.... လကို ရာဟုဖမ်းသောအခါ လကိုဖြစ်စေ
.... သို့မဟုတ် နေကို ရာဟုဖမ်းသောအခါ နေကိုဖြစ်စေ

ရာဟုမှ လွတ်သည်နှင့်တပြိုင်နက် အောက်ပါ သစ်ပင် နံ့သာ ငါးမျိုးတို့တွင် တစ်မျိုးမျိုးကိုဖြစ်စေ၊ သို့မဟုတ် (ကျွန်းပင်နတ်သတ်) ကို ဖြစ်စေ၊ နံ့သင့် သစ်သားကို ဖြစ်စေ ကန်တော့ပွဲ၊ ပန်း၊ ဆီမီး၊ တံခွန်၊ ကုက္ကား၊ ကြက်လျှာတို့ဖြင့် ပူဇော်၍ ယူထားရမည်။

၁–နံ့သာနီ (ပိတောက်နှစ်)

၂–နံ့သာဖြူ

၃–အကျော် (အကျော်စစ်စစ် တရုတ်စကားနှစ်)

၄–ကရမက်

၅–ကတိုးနံ့ရသော အသား သို့မဟုတ် (သနပ်ခါး) ပန်းပေါင်း နံ့သာပေါင်းတို့ဖြင့်လည်း ထုလုပ်နိုင်သည်။

ယင်းသစ်သားများကို သန့်ရှင်းစွာ ထား၍ ပွဲဖြင့် ပူဇော်ပြီးလျှင် အောက်ပါ ဂါထာကို ရွတ်ဆိုရမည်။

**လမင်းပရိတ်**

တထာ ဂတံ အရဟန္တံ၊
စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊
ဗုဒ္ဓါ လောကာနုကမ္ပကာ။

**နေမင်းပရိတ်**

တထာဂတံ အရဟန္တံ၊
သူရိယော သရဏံ ဂတော။
ရာဟု ပမုဉ္စ သူရိယံ၊
ဗုဒ္ဓါ လောကာ နုကမ္ပကာ။

**ထုလုပ်ရမည့် ပုံသဏ္ဌာန်**

ယင်းသို့ ရွတ်ဆို ပင့်ယူထားသော သစ်သားကို အမြတ်ဆုံးနေရာမှာ ထား၍ နေ့ကောင်းရက်မြတ် ရွေးပြီးလျှင်....

.... မျက်နှာတော်က နေကို မော့ကြည့်လျက်

.... လက်ဝဲ လက်တော်က ပိတ်ကိုပိုက်လျက်

.... လက်ယာ လက်တော်က သပိတ်တော်တွင်းမှဆွမ်းကို နှိုက်ယူလျက်

.... ထင်ပျဉ်ခွေ ထိုင်နေတော်မူဟန်ဖြင့်

အောက်မှ ဓမ္မခဏ်ကို သင့်သလိုထား၍ ထုလုပ်ရမည်။

ဓမ္မခဏ်ပလ္လင်၌ ကြာမောက် ကြာလှန် ထုလျှင် ၂၄ ချပ် ထုရမည်။

ယင်းသို့ ထုလုပ်ပြီးနောက် ဓမ္မခဏ်ပလ္လင်၏ဗဟိုတည့်တည့် အောက်မှ အထက်သို့ လိုဏ်ပေါက် ဖောက်ရမည်၊ လိုဏ်ပေါက် အတွင်း၌—

.... ဘုရားရှင် ဓာတ်တော်ကို ဖြစ်စေ

.... ရဟန္တာ ဓာတ်တော်ကို ဖြစ်စေ အောက်ပါဒေသနာတော်များနှင့် လောကီအလို ရှိသူများအတွက် ဓမ္မနဝအင်းကို ရွှေပြား, ငွေပြား, ကြေးပြားပေါ်တွင် အက္ခရာပီသ ကျနစွာ ရေး၍ လက်ဖွဲ့ကဲ့သို့ လိပ်ပြီးလျှင်....

ဌာပနာရမည်၊ ဌာပနာပြီးလျှင် အသားဖြင့်မြန်ပိတ်၍ ဓမ္မခဏ် ခုံချအတွင်း၌ ငွေပြားဖြင့် မြန်ပိတ်ရမည်။

## ဌာပနာ ဒြဗ် ရေးရန် ဂါထာ

ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိံ မာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟော ရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
မေတ္တာ ဝိဟာရီ ဈာနေန၊
မာရ ဗန္ဓသာ ဒမ္မိနော။
ဥပဂုတ္တော ဣဒ္ဓိမန္တော၊
ဝါယု ဒေဝေါ ပလာယိတုံ။

## ကိုးကွယ်နည်း ကိုးကွယ်ဟန်

ယင်းသို့ ဓမ္မခဏ် အဝိတ်ကို ငွေပြားနှင့် ပိတ်ရာ၌ ယင်း ငွေပြား ဓမ္မနုဝ အင်းကွက်ရေး၍ ပိတ်ရမည်။ ထို့နောက် ရှင်ဥပဂုတ်ရဟန္တာ ရုပ်တုတော်ကို သစ်စေး ဟင်္သပဒါး ၃ ထပ်၊ ရွှေ ၃ ထပ်ချ၍ နံ့သာကျောင်းဆောင် သို့မဟုတ် ကြေးပြသာဒ်ကျောင်းဆောင်နှင့် တင်ထားကိုးကွယ်ရမည်။

ကိုးကွယ်သည့်အခါ မိမိ၏အိမ်၊ သို့မဟုတ် မိမိ၏ကျောင်း မှ ဘုရားဆောင်နေရာ၌ ပင့်ပြီးလျှင်....

.... အမြဲ သီတင်းသုံးတော်မူရန် နှင့်

.... ပစ္စည်းလေးပါး ဥပသကာ မှတ်ယူတော်မူ၍ အောက်ပါအတိုင်း ပါဠိဘာသာဖြင့် ၃ကြိမ် လျှောက်ထား ရမည်။

နိုသိဒတု ဘန္တေ ဣမသ္မိံ ဂေဟေ (ဣမသ္မိံ ဝိဟာရေ) ယထာသုခံ ဥပါသကောတိ မံ ဓာရေတု။ (၃ကြိမ်)

ပရိက္ခရာ (၈)ပါးအပြည့်အစုံ အစစ်အမှန်ကို လှူဒါန်း ထားရမည်။

နံနက် ဆွမ်း,ရေချမ်း, ပန်း,ဆီမီး နံ့သာတို့ဖြင့် နေ့စဉ် မပြတ် ဝတ်နိုပဒ်ပြု၍ ပူဇော်ရမည်။ ဝတ်နိုပဒ် ပြုတိုင်း အရှင်ဥပဂုတ္တ ပရိတ်တော်ကို အနည်းဆုံး တစ်ခေါက်ရွတ်ဆို ပူဇော်ရမည်။ တတ်နိုင်ပါက တတ်နိုင်သလောက် တစ်ခေါက် မက အကြိမ်များစွာ ရွတ်ဆိုပူဇော်နိုင်သည်။

## အညွှန်း

.... ရပ်ရွာ၌ အလှူဒါန ပြုလုပ်သောအခါ၌ လည်း ကောင်း

.... ဘေးဥပဒ်အန္တရာယ် အမျိုးမျိုး ကျရောက်လာသော အခါ၌လည်းကောင်း၊

... အထူးသဖြင့် လေဒဏ်၊ မိုးဒဏ်၊ ရေဒဏ်၊ မီးဒဏ် အန္တရာယ်များ ရုတ်တရက်ကျသောအခါ၌ လည်း ကောင်း

အရှင်ဥပဂုတ္တ ရုပ်တုတော်ကို ရေသပ္ပာယ်ပြီးလျှင် ပန်း၊ ဆီမီး စသည်တို့ဖြင့် ပူဇော်ကာ လိုရာဆုကိုတောင်းရမည်။

ထိုအခါ ယင်းဘေးအန္တရာယ်များမှ လွတ်မြောက်လိမ့်မည်ဖြစ်ကြောင်း မယုံကြည်နိုင်လောက်အောင် ဒိဋ္ဌတွေ့ရှိကြရပေလိမ့်မည်။

ဤရှင်ဥပဂုတ္တရဟန္တာထုလုပ်ကိုးကွယ်နည်း အစီအရင်မှာ မိပိတစ်ဦးတည်းအတွက်သာ မဟုတ်။ မိမိနေထိုင်ရာ အိမ်၊ ရပ်ရွာ၊မြို့ စသည်တို့ကိုပါ အထက်ပါ ဘေးအန္တရာယ်ဆိုးများမှ လွတ်မြောက်စေနိုင်သော အစီအရင်ဖြစ်၍ ဝိဇ္ဇာယာနပညာနည်းကျကျ ရိုရိုသေသေ ယုံယုံကြည်ကြည် ကိုးကွယ်ပူဇော်ကြပါဟု တိုက်တွန်းလိုပါသည်။

[မှတ်ချက်—'အရှင်ဥပဂုတ္တ ပရိတ်တော်'ကို 'ဗားမဲ့-ဗားတမော့ အစီအရင်ကျမ်း' ဒုတိယတွဲ စာမျက်နှာ (၅၂)၌ ဖော်ပြထားပြီးဖြစ်၍ ဤ၌ ထပ်မံ မဖော်ပြတော့ပေ။]

....o....

# ဆေးနှင့် ဆေးပင် အစီအရင်ကဏ္ဍ

အတည်မယူဘဲနှင့် အသုံးပြုပါက

ရှုးတတ်သော

ပီယာဆေးဂမုန်း အစီအရင်

• စီရင်နည်း စီရင်ဟန်

(၁) ဂမုန်းကမြင်းကို မိမိ၏လ...နှင့် လက်တစ်ဆစ် တိုင်း၍ ယူရမည်၊ အရပ်ပျက် မိန်းမ၏ အိပ်ရာအောက် တည့်တည့်၌ 'ကမြင်းနှင့်ဦး' ဟု ဆိုကာ အမှတ်တမဲ့ ထားခဲ့ရမည်၊ နေ့အခါလည်ရှိမှ ပြန်ယူရမည်။

(၂) ဒုတိယနေ့တွင် ကဋ္ဌခန္ဓီ ဖို့မ လက်တစ်ဆစ်စီကို လည်း ယူ၍ အရပ်ပျက်မိန်းမ၏ အိပ်ရာအောက် တည့်တည့်၌ 'ဖြွားယောင်းကြဦး' ဟု ဆို ကာ

အမှတ်တာမဲ့ ထားခဲ့ရမည်၊ နေ့အခါလည်းရှိမှ ပြန်ယူရမည်။

(၃) တတိယနေ့တွင် ဂမုန်း ကွင်းထိုးကိုလည်း လက်တစ်ဆစ် ယူ၍ အရပ်ပျက်မိန်းမ၏ အိပ်ရာအောက် တည့်တည့်၌ 'ထိုးနှင့်ဦး' ဟု ဆို၍ အမှတ်တာမဲ့ ထားခဲ့ရမည်။

(၄) လေပွေလွှင့် သစ်ရွက်နှင့် တံမြက်စည်းစ၍ မြှပ်ပြီးရမည်။

နှစ်ဖက်မြင် အမြီးတွဲဆိုက်ကြိုက် ကာမနက္ခတ် ကြုံသော ဗုဒ္ဓဟူးနေ့ အရုဏ်တက်စ အချိန်တွင် အထက်ပါ ဆေးအားလုံးကို သစ်မှုန့်စုက်၍ ကြိတ်ရမည်။

ယင်းသို့ ကြိတ်ပြီးနောက် အောက်ပါ ဂါထာမန္တန်ဖြင့် (၁၀၈)အုပ် စုတ်ရမည်။

•

ဂါထာမန္တန်

ဥုံ ဏှဏ္ဍိဝက် နုဒိဝက် ၊ ပျံလေ ငှက်ခါး၊ နဝး၊ ပချေပြီ၊ ခန္တီ ဖိုမ၊ ကမြင်းကြခါ၊ ပိယ တဏှာ ရာဂမ္မဋ္ဌကာ၊ အရှုံးထ၊ ကြလည်းဆရာ ကြ။

ယင်းဂါထာကို စုတ်သောအခါ ဌာန်ကရိုက်းကျကျ ပီပီ ပြင်ပြင် ရွတ်ဖတ်ဖို့ သတိပြုရမည်။

## အညွှန်း

- စီရင်ရန် ဆေးမယ်များ စုထားစဉ်ကပင် မိမိနှင့် ရင်းနှီးသော မိန်းမတစ်ယောက်အား ယင်းဆေးကို ပေးရမည်၊ ပေးသောအခါ ‘ ဒီဆေးဟာ ဈေးခေါ်ကောင်းတယ်၊ လာဘ်ရှင်တယ်၊ ကျေးဇူးပြု၍ ပေးချင်ပါတယ်’ဟု ပြော၍ ပေးရမည်၊ သို့သော် ထိုမိန်းမကို မကြံပါနှင့်။

- မိမိ အလိုရှိသော အမျိုးသမီးအား ယင်းဆေးကို မိမိ၏ သွေး၊ တံတွေးတို့နှင့် စပ်ရမည်၊ ပီယသျှိတွင် အတုမရှိ ဆေးတည်း၊ သို့သော် အတည်မယူဘဲနှင့် မကြံပါနှင့်၊ အတည်မယူလျှင် ရှုံးတတ်သည်။

- သူတစ်ပါးလည်း မနစ်နာ၊ မိမိလည်း အကျိုးမယုတ်အောင် ဤဆေးကို အသုံးပြုပါ၊ သစ္စာမရှိသူများကိုလည်း မပေးပါနှင့်။

သို့သော် ကာမေသုမိစ္ဆာစာရကိုလည်း အထူး ဂရုပြု၍ ထိန်းသိမ်းရမည်၊ ပစ္စည်းကို လို၍ ကြံစည်ခြင်းမျိုးကိုမူ ကြပ်ကြပ်ကြီး ရှောင်ကြဉ်ရမည်။

## အကြီးအကဲဖြစ်၍ ထင်ပေါ်ကျော်ကြား စေနိုင်သော

## ပြည်လုံးချမ်းသာ ဂမုန်း အစိအရှင်

### စီရင်နည်း စီရင်ဟန်


ပြည်လုံးချမ်းသာ ဟူသော အမည်ဖြင့် လူသိများသော ဂမုန်းပင်မှာ အပင်၏ အနေအထားကပင် လွန်စွာ ခံ့ညား လှပသည်၊ ကျက်သရေ ရှိလှသည်။

ယင်း ဂမုန်းကို အချို့က 'မယ်တော်ကြီး' ဟူ၍လည်းကောင်း၊ အချို့က 'ရာဇာကြီး' ဟူ၍ လည်းကောင်း ခေါ်ဝေါ်ကြသေးသည်။

ရှေးဆရာကြီးများကမူ ယင်းဂမုန်းပင်ကို ''ဂမုန်းမဟာရာဇ်' ခေါ် 'မဟာရှင်ကြီး'ဟု အဆိုအမိန့် ပြုခဲ့ကြသည်။

သို့သော် လူသိများသော 'ပြည်လုံးချမ်းသာ ဂမုန်း' အမည်ဖြင့်သာ ဤ၌ ဖော်ပြထားခြင်း ဖြစ်သည်။

ယင်း ဂမုန်းကို ဝိဇ္ဇာယာဉ အစိအရှင်ဖြင့် စိုက်ပျိုးလိုပါက ငွေပြားတွင် အောက်ပါအတိုင်း အင်း နှစ်အင်း ချရမည်။



(၃၄)

.... ပထမ (ဝံ) အင်း .... တနင်္ဂနွေ ထောင့်မှ စ၍ အစဉ် အတိုင်း လှည့်၍ အင်းဆန့် သွင်းရမည်။

.... ဒုတိယ (ယာ) အင်း .... ပထမ အင်း အတိုင်း တနင်္ဂနွေ ထောင့်မှ စ၍ အင်းဆန့် သွင်းရမည်။

ထို့နောက် အောက်ပါ အရံ ဂါထာမန္တန်ဖြင့် အင်း နှစ်အင်းလုံးကို ပတ်မိအောင် ရံရမည်။

အရံဂါထာမန္တန်

နမော ဗုဒ္ဓါယ သိဒ္ဓံ, စတူဟိ မဟာဘူတေဟိ သုဗ္ဗိကမ္မံ သိဒ္ဓတိ။

ပြီးလျှင် ယင်းအရံ ဂါထာမန္တန်ဖြင့်ပင် (၁၀၈) အုပ် စုံတ်ရမည်၊ စိုက်ပျိုးမည့် အိုးတွင် ယင်းအင်းကို အောက်မှ ခံ၍ စိုက်ပျိုးရမည်။

နေ့စဉ် ရေလောင်းရမည်၊ ရေလောင်းတိုင်း အထက်ပါ အရံ ဂါထာမန္တန်ကို (၃)ခေါက် ရွတ်ဆို၍ ရေလောင်းရ မည်။

အညွှန်း

.... ယင်းဂမုန်း စိုက်ပျိုးပြီးနောက် ဝေဝေဆာဆာ လန်းလန်းဆန်းဆန်း ဖြစ်လာချိန်တွင် ထူးကဲထင် ရှားစွာ တစ်နေ့တခြား စီးပွားတက်လာမည်။

.... ကုသိုလ်ဂလိုက်လာမည်၊ ယင်းသို့ စီးပွားတက်သူ ကုသိုလ်ကံ လိုက်သူ အတော်များများကို ဤစာ ရေးသူ ကိုယ်တိုင် တွေ့နေရသည်။

.... အကြီးအကဲ ဖြစ်လာမည်၊ နာမည် ထင်ပေါ် ကျော်ကြားလာမည်။

.... အကြံအစည်ဟူသမျှ အောင်မြင် ထမြောက်လာ မည်၊ ထူးထူးခြားခြား အကျိုးပေးလာမည်။

.... သူတစ်ထူးတို့ မကောင်းကြံသမျှ ပျက်စီးသွားစေ မည်။

သို့သော် စိုက်ပျိုးသူတိုင်းအား ထူးထူးခြားခြားအကျိုး ပေးသော်လည်း တနင်္လာသားသမီးများအတွက်မူ အထူး အကျိုးပေးလိမ့်မည် မဟုတ်ပေ။

\+ × +

ကိုယ်ပျောက်၍ စုန်းတစ္ဆေတို့ကို မြင်နိုင်သော

**ဣစ္ဆာသယဆေး အစီအရင်**

စီရင်နည်း စီရင်ပုံ

(၁) ပုတ်သင်သည်းခြေ (၃) နွားနက်သည်းခြေ
(၂) ဖအိုင်းသည်းခြေ (၄) အိမ်မြှောင်ကောင်လုံး

(၅) အိမ်မြှောင်ဥတစ်လုံး

ယင်းဆေး (၅) မျိုးကို သားဦးနို့ရေနှင့် ကြိတ်၍ အတောင့် လုပ်ထားရမည်။

**အညွှန်း**

.... ယင်းဆေးကို မျက်စိ၌ ကွင်း၍ ကြည့်လျှင် စုန်းတစ္ဆေ မြေဖုတ်တို့ကို မြင်ရမည်။

— ညာမျက်လုံးမှာ ကွင်းထားလျှင် ညပင် ဖြစ်စေကာမူ နေ့လို လင်းနေလိမ့်မည်။
.... မေးအောက်ကို သုတ်လျှင် ကိုယ်ပျောက်မည်။
.... ထိပ်ကို သုတ်လျှင် ဖက်ရွက်ကဲ့သို့ ပေါ့ပါးမည်။
— လက်ညှိုးကို သုတ်၍ ညွှန်လျှင် အညွှန်ခံရသူ သေလိမ့်မည်။
.... လက်ဝါးကိုသုတ်၍ တံခါးကိုပုတ်လျှင် တံခါးပွင့်မည်။
.... မန်ကျည်းရွက်ကို သုတ်လျှင် ပိတုန်းဖြစ်မည်။
.... လက်၌ လူး၍ ငွေကို ကိုင်လျှင် ငွေက ကြေး ဖြစ်လိမ့်မည်။
.... နဖူး၌မှန်ကူလျှင် အမှောင့်အတွက်ကောင်းလှ၏။

ဂုဏ္ဍသသယဆေးဖြစ်သဖြင့် ဉာဏ်ရှိတိုင်း အမျိုးမျိုးခဲ့ထွင် အသုံးပြုနိုင်သည်။


× × ×

## ဘုန်းပညာရှိသည့် သားကောင်း သမီးကောင်းများကို ရစေနိုင်သော

## ရှင်သူငယ် အဖြူ ဂမုန်း စိုက်ပျိုးနည်း အစီအရင်

### စီရင်နည်း စီရင်ဟန်

ရှင်သူငယ် အဖြူ ဂမုန်းကို ဝိဇ္ဇာယာနာ အစီအရင်ဖြင့် စိုက်ပျိုးလိုပါက ငွေပြားတွင် အောက်ပါအတိုင်း အင်းချရမည်။



အင်းဆန်အဖြစ် အောက်ပါ အက္ခရာများကို ရေးသွင်းရမည်။

....ခ ဆ သ ဖ ....ဂ ထ အ ဈ

....က ဇ ဟ ပ ....ဃ ဍ ဌ ဝ

## အရုံ

### ပီယော ပီယတရုံ ဘနေ္တ

စိုက်ပျိုးမည့်အိုးတွင် ယင်းအင်းကို အောက်မှခံ၍စိုက်ပျိုးရမည်။

စိုက်ပျိုးသောအခါ အောက်ပါဂါထာမန္တန်ကိုရွတ်ဆိုပြီးစိုက်ပျိုးရမည်။

### ဂါထာ မန္တန်

ပိယော ဒေဝမနုဿာနံ၊
သာနုတေဇော ဗဟုဿုတော။
မေတ္တာချာယ် တမောဃာတီ၊
သဒါ သော တွိ ကရောတု မေ။

နေ့စဉ် ရေလောင်းရမည်၊ ရေလောင်းသောအခါ၌လည်း ရေလောင်းတိုင်း အထက်ပါ ဂါထာမန္တန်ကို (၃) ကြိမ်ရွတ်ဆို၍ ရေလောင်းရမည်။

### အညွှန်း

- ဘုန်းပညာရှိသော သားကောင်း သမီးကောင်း ရမည်။

.... ဆရာကောင်း သမားကောင်း မိတ်ကောင်း ဆွေကောင်းနှင့် တွေ့ကြုံရမည်။
.... ရန်သူများကပင် ချစ်ခင်လာရမည်။
.... သွားလေရာရာ မျက်နှာပွင့်လန်းမည်။
.... အိပ်မက်ကောင်းများ မြင်မက်မည်။
.... စီးပွားဥစ္စာ တိုးတက်မည်။

သို့သော် စိုက်ပျိုးသူအနေဖြင့် စိတ်နေသဘောထား မြင့်မားမှု ကိုယ်ကျင့်သိက္ခာကောင်းဖို့ကိုတော့ သတိပြုပါလေ။

○

မယုံကြည်နိုင်လောက်အောင်
အစွမ်းထက်မြက်လှသော

**ထက်တွေ့ ပိယတိုဆေး အစီအရင်**

စီရင်နည်း စီရင်ဟန်

၁။ မင်္ဂလာဆုံဆီ

၂။ မအာစ်ဆီ

ယင်းဆီ နှစ်မျိုးကို မြေဖယောင်းနှင့် ချက်ပါ၊ ချက်သော အခါ....

(၁) ဂဠုန်
(၂) နဂါး
(၃) ခြင်္သေ့

ဟူ၍ ဖိုခနောက် သုံးလုံးဖြင့် ချက်ရမည်။

ထိုနောက် ယင်း ဖယောင်းချက်ကို အောက်ပါဂါထာ မန္တန်ဖြင့် (၃၇)အုပ် စုတ်ရမည်။

ဂါထာမန္တန်

ဦး မရဝဏ္ဏ ဆရာကောင်း လာ၏၊ သူတော် နေရာချ၊ ဦး ဝဘဏ္ဍာလာလာ၊ ဦး ထက်ယံကောင်း ကင်၊ မိုးတိမ်ပြင်၊ နေမင်းသွေးလှိုလာ၊ ချဦးဆရာ ချဦး၊ ကပ်ဆရာ ကပ်။

အညွှန်း

.... မိမိ အလိုရှိသော မိန်းမ၏အသားကို ယင်း ဖယောင်း ချက်ဖြင့် ထိုးပါ။

.... သူမ၏ အသားကို ထိုးရန် အခွင့်မသာလျှင် သူမ၏ အဝတ် စသည်တို့ကို ထိုးနိုင်ပါသည်။

.... ထိုးပြီးလျှင် သူမ၏ အမူအရာ ထူးခြားလာမည်။

.... ထိုအခါ လိုရာပြောဆိုပါ၊ ပြောသမျှ အောင်မြင် မည်။

သို့သော် သစ္စာရှိပါစေ၊ အတည်မယူဘဲ မကြံစည်ပါနှင့်၊ ကာမေသုကို ရှောင်ပါ။

....၀....

အလုပ်အကိုင် အကြံအစည် အောင်မြင်နိုင်သော

အင်းဂမုန်း (အမ) စိုက်မျိုးနည်း **အစီအရင်**

စီရင်နည်း စီရင်ဟန်

အင်းဂမုန်း (အမ)သည် သိုက်ဝင် ပိန်းပျံမျိုးနွယ် ပါဝင်၍ သမ္ဘာသိဒ္ဓိ ပိန်းပျံမျိုးဝင် ဖြစ်သည်၊ ယင်း ဂမုန်းကို အင်းဂမုန်းအဖြစ် လူသိများကြသည်။

## မူလ နှင့် ဘူတ

ယင်း အင်းဂမုန်းသည် အရွက်ရော အရိုးပါ နက်လျှင် အန္တိမဝင်သည်၊ သို့သော် ယင်း ဂမုန်း(အမ)နှင့် ပတ်သက်၍

၁။ မူလ နှင့်
၂။ ဘူတ

ဟူ၍ နှစ်မျိုးရှိကြောင်း ကြိုတင် သိရှိထားနိုင်ဖို့ လိုသည်။


အပင်စိမ်းလျှင်၊ ဖြူရော်ရော်ရှိလျှင်၊ ဝါ စိမ်းရောင်ရှိလျှင်၊ ညိုမောင်းမောင်းရှိလျှင် မူလ မဟုတ်ပေ၊ ဘူတ ဟူသာ ဆိုရမည်။

အထက်က ဖော်ပြခဲ့သည့်အတိုင်း သိုက်ဝင် ပိန်းပျံမျိုး ဖြစ်၍ များသောအားဖြင့် တိုက်ရာမှာ နားတတ်သည်၊ ပျံ၍ ရောက်လာတတ်သည်၊ ယင်းသို့ ရောက်လာသော ပိန်းပျံမှ မူလ ဖြစ်သည်။ စင်၍ သိဒ္ဓိရှိသည်၊ ထက်မြက်သည်၊ စူးရှသည်။

သင့်တူ ဆင်တူဖြစ်သော ပင်ပွားများမှာ မူလလောက် မထက်မြက်ပေ။

သို့သော် ဘူတဖြစ်သော အပင်မျိုးကို မူလနှင့် မခြားစွမ်းအင် သတ္တိ ထက်မြက်အောင်စိုက်ပျိုးလိုပါက ဝိဇ္ဇာယာန အစီအရင်ဖြင့် စိုက်ပျိုးရပေမည်။

ဝိဇ္ဇာယာန အစီအရင်ဖြင့် စိုက်ပျိုးလိုပါက သိမ်ဝင်ညပိတ်ကွဲတွင် အောက်ပါအတိုင်း အင်းကွက်ချရမည်။



(၃၆)

**အင်းဆန်**

ဝ ဝ ဓ ဗ

ယင်းသို့ အင်းဆန် သွင်းပြီးနောက် ....

.... ထောင့် ၄ ထောင့်တွင် .... ဏ က သ ယ
.... အရံအဖြစ်ဖြင့် .... သိဒ္ဓိ နမော ဗုဒ္ဓါယ ဉုံ

ဟူ၍ အသီးအသီး အင်းဆန် ရေးသွင်း၍ အရံဂါထာ ရေးပြီးသည့်နောက် ယင်း အရံဂါထာ နှင့်ပင် (၂၇) အုပ်စုတ်ရမည်။

အညွှန်း

- အင်းဂမုန်း(အမ)ကို စိုက်ပျိုးထားပါက အလုပ်အကိုင် အကြံအစည် အောင်မြင်မည်။
- မိမိ၏ အလိုဆန္ဒ ပြည့်ဝမည်။
- အမှောင့်ပယောဂ ဟူသမျှ ကင်းရှင်းမည်။
- ရောဂါဝေဒနာ ဟူသမျှ ပျောက်ကင်းမည်။

ယင်းဂမုန်းပင်ကို နေ့စဉ် ရေလောင်းရမည်၊ ရေဖျန်းတိုင်း အထက်ပါ အရံဂါထာမန္တန်ကို ၃ ခေါက် ရွတ်ဆိုပြီး ရေဖျန်းရမည်။

သမ္ဗုဒ္ဓေ ဂါထာတော်ကိုလည်း နံနက် ညဉ့် ၉ ခေါက်စီ နေ့စဉ် ရွတ်ရမည်။

....၀....

အစာအာဟာရအတွက် မကြောင့်ကြရသော

**အာဟာရသိဒ္ဓိ အစီအရင်**

စီရင်နည်း စီရင်ဟန်

လူနေကောင်းမဲ့သော ခရီးလမ်းဝယ် ခရီးရှည်သွားပါက အစာအာဟာရအတွက် ပူပင်ကြောင့်ကြမှု မရှိစေရန် စား

ကောင်းသော သစ်သီးတစ်လုံးကိုဖြစ်စေ၊ သစ်ရွက်တစ်ရွက်ကို ဖြစ်စေ အောက်ပါ ဂါထာမန္တန်ဖြင့် (၃၇) အုပ် မန်းရမည်။

## ဂါထာမန္တန်

ဥုံ အမဥ၊ ဥမအ၊ မအဥ၊ ဥမအ၊ ဥအမ၊မအဥ၊ အဥမ၊ မဥအ၊ အမဥ။

## အညွှန်း

- ယင်းသို့ မန်းပြီးလျှင် ယင်းသစ်သီး သို့မဟုတ် သစ်ရွက်ကို စားရမည်၊ စားပြီးမှ ခရီးသွားပါ။
- တစ်ကြိမ် မန်း၍ စားထားလျှင် နေ့အခါလည် အစာမစားဘဲ နေနိုင်သည်။
- လမ်းခရီးတွင် အစာအာဟာရအတွက် မပူပင် မကြောင့်ကြရတော့ပြီ၊ တစ်နေ့တာ အတွက် အာဟာရသို့ ပြီးသည်။

သို့သော် အစာအာဟာရ မတောင့်တဘဲနှင့် မဆာ လောင်ဘဲနှင့် အစာမစားပါနှင့်၊ ထို့ပြင် တစ်နေ့တာ အချိန် မစေ့ဘဲနှင့်လည်း အစာမစားပါနှင့်၊ သတိပြုပါ။


...၀...

## စီးပွားဖြစ်ထွန်း၍ ထင်ပေါ်ကျော်ကြား
## ဘုန်းကျက်သရေ တိုးအောင်စေနိုင်သော
## စီးပွားဂမုန်း(ဖို+မ)စိုက်ပျိုးနည်း အစီအရင်
## စီရင်နည်း စီရင်ဟန်


စီးပွားဂမုန်းသည် အဖိုနှင့် အမဟူ၍ နှစ်မျိုးရှိ၍၊ အဖို+အမ နှစ်မျိုးလုံးပင် နာဂစကဝင်သည်၊ သို့သော် စီးပွားဂမုန်းဟုပင် ခေါ်ကြသည်၊ စီးပွားဂမုန်းဟုပင် လူသိများသည်၊ အဖိုပင်ထက် အမပင်က ရွက်တံ ငယ်သည်၊ တိုသည်၊ ညိုမှိုသာ ထူးသည်။

အချို့က ဘုရားစင်၌ ညောင်ရေအိုးပန်း အဖြစ်ဖြင့်ပင် စိုက်ထိုးတတ်ကြသည်။

ယင်းစီးပွားဂမုန်းကို ဝိဇ္ဇာယာနပညာအစီအရင်ဖြင့် စိုက်ပျိုးလိုပါက နတ်အိုးကွဲတွင် အောက်ပါပုံစံအတိုင်း အဖိုအင်း အမအင်း အဖြစ် အင်း ၂ ခု ချရမည်။




(၃၀-အဖို)




(၃၁-အမ)

ယင်းသို့ အင်းကွက်ချပြီးနောက် အဖိုအင်းကွက်တွင်—

.... အင်းဆန် ....'ထ လ ဂ ရ'

.... ပထမအရံ ....'၁၇ ၃၈ ၂၅ ၄၆'

.... ဒုတိယအရံ ....'သော ဘာ ဓေ တီ'

ဟု ရေးသွင်းပြီးလျှင် အမအင်းကွက် တွင်လည်း—

.... အင်းဆန် ....'မ ခ ဟ ယ'

.... ပထမအရံ ....'၁၇ ၂၅ ၃၈ ၄၆'

.... ဒုတိယအရံ ....'သု သော သိ ပိ'

ဟူ၍ အသီးအသီး ရေးသွင်းရမည်။

စိုက်ပျိုးမည့် အိုးတွင် ယင်းအဖိုအင်းနှင့် အမအင်း နှစ်ခုကို အောက်မှခံပြီး စိုက်ပျိုးရမည်၊ ရေလောင်း၍ စိုက်ပျိုးရမည်။

စိုက်ပျိုးစဉ် အချိန်နှင့် ရေလောင်းစဉ် အချိန်တွင် အောက်ပါ ဂါထာမန္တန်ကို (၇)ခေါက် ရွတ်ဆိုပြီး စိုက်ပျိုးရမည်။

## ဂါထာ မန္တန်

ဥုံ ရုက္ခဋ္ဌဒေဝတာ လာသည့်တည်း၊ ရုက္ခဋ္ဌဒေဝီ တည်သည့်ဟည်း၊ ဒေဝီဒေဝါ၊ ဆောမကြာ မ သည်တည်း။

နေ့စဉ် ရေလောင်းရမည်၊ ရေပက်ဖျန်း သွန်းလောင်း တိုင်း အထက်ပါ ဂါထာမန္တန်ကို ရွတ်ဆို၍ ရေသွန်းလောင်း ရမည်။

## အညွှန်း

– စီးပွားဂမုန်း ဖြစ်သည့်အတိုင်း အလုပ်အကိုင်၊ အကြံအစည်များ လုပ်တိုင်း ကိုင်တိုင်း ထမြောက် အောင်မြင်မည်၊ စီးပွားခရီးလမ်း ဖြောင့်မည်၊ အနှောင့်အယှက် မရှိပေ။

– စီးပွားရလမ်းဖြောင့်၍ လုပ်ကိုင်တိုင်း ထမြောက် အောင်မြင်မည် ဖြစ်သော်လည်း သိသိသာသာ ထူးထူးခြားခြားကြီး တစ်ဟုန်ထိုး ချက်ချင်းတိုး တက်လာလိမ့်မည်ဟု မမျှော်လင့်ပါနှင့်၊ တစ်ဟုန် ထိုး ချက်ချင်း မတိုးတက်၍လည်း စိတ်မပျက်ပါ နှင့်။

– ဤ စီးပွား ဂမုန်း၏ ပင်ကိုယ် မူလ သဘာဝ မှာ ချက်ချင်း တစ်ဟုန်ထိုး အကျိုးပေးခြင်းထက် 'သိန္နေမန်' အရ တဖြည်းဖြည်းနှင့်တစ်ရိပ်ရိပ် နှေး နှေးနှင့် မှန်မှန် အကျိုးပေးတတ်သော မူလ သဘာဝရှိသည့် ဂမုန်းအမျိုးအစား ဖြစ်သည်။

- ဂမုန်းပင်မှ အပွင့်များ၊ အသီးများ ပွင့်ချိန် သီးချိန်တွင် ခါတိုင်းထက်ပို၍ အကြံအစည် ကြံလမ်းညည်လမ်း ဖြောင့်တတ်သည်ကို သတိပြုကြည့်လျှင် ကိုယ်တွေ့ ကြုံတွေ့ရလိမ့်မည်။

- အဖိုပင်သည် (၁) စီးပွားနှင့် ဘုန်းကျက်သရေ ကိုလည်းကောင်း၊ (၂) အကြံအစည် ထမြောက်အောင်မြင်ခြင်းကို လည်းကောင်း၊ (၃) ထင်ပေါ် ကျော်ကြား လူအများ၏ ကိုးစားခြင်း အကျိုးကို လည်းကောင်း ပေးစွမ်းလိမ့်မည်။

- အမပင်သည် (၁) ကိုယ်ချမ်းသာခြင်း စိတ်ချမ်းသာခြင်း၊ (၂) စီးပွားဖြစ်ခြင်း၊ (၃) လိုအပ်သော လိုချင်သောအကျိုးပြီးခြင်း၊ (၄) မျက်နှာပွင့်လန်းပြီး လူအများ၏ ချစ်ခင် လေးစားမှုကို ခံယူရခြင်း စသော အကျိုးများကို ပေးစွမ်းလိမ့်မည်။

သို့သော် ယင်းအကျိုးများကို ပေးစွမ်းနိုင်သော်လည်း စနေသား၊ စနေသမီးများအနေဖြင့် ဤစီးပွားဂမုန်းကိုမစိုက်ပျိုးမိဖို့ သတိပြုပါလေ။

....၀....

## ပယောဂ ဓာတ်ပြန်ဆေး

### စီရင်နည်း စီရင်ဟန်

ဒဟတ်သကိုင်းမြစ်ကို နွားနက်သေးရေနှင့် ကြိတ်၍ အမှုန့် ပြုပါ။

ထို့နောက် တံစူးဝါးကို ကြွတ်လုပ်၍ ယင်းတံစူးဝါး ကြွတ်အတွင်း၌ ယင်းဆေးမှုန့်ကို ထားပါ။

### အညွှန်း

- ရွာပင်း၊ တောပင်း စသော အပင်းပယောဂနှင့် ပတ်သက်၍ မသက်ာစရာအစားအစာ တစ်စုံတစ်ရာ တွေ့ရှိပါက ယင်းဆေးမှုန့် အနည်းငယ်ကို လက်သုံးချောင်းနှင့် ကိုင်၍ ပြူးပါ။

  မူရင်း ဓာတ်အတိုင်း ပြန်၍ပေါ်လာပါလိမ့်မည်။

ဤ ဓာတ်ပြန်ဆေး အစီအရင်၌ ဂါထာမန္တန် ရွတ်ရန် မလိုပေ။

....o....


## သူပြု၊ လူပြုနှင့် ရန်သူမျိုး ၅ ပါး အန္တရာယ်ကာကွယ်သော အင်းဂမုန်းအနက် စိုက်ပျိုးနည်း အစီအရင်

### စီရင်နည်း စီရင်ဟန်

အင်းဂမုန်းအနက်မှာ မဟော်ရာပိန်းပုံ အနက်မျိုးတွင် ပါဝင်သည်။

ဝိဇ္ဇာမယ ဆေးဘက်၌ မြစ်ချင်းပြီး သိဒ္ဓိရှိသော ဆေးပင် ဖြစ်သည်ဟု ဆရာစဉ်ဆက် အယူရှိကြသည်။

အစီရင်ဖြင့် စိုက်ပျိုးလိုပါက ငွေပြား၌ဖြစ်စေ ကြေးပြား၌ဖြစ်စေ၊ သိမ်ဝင်သပိတ်ကွဲ၌ ဖြစ်စေ အောက်ပါ ပုံစံအတိုင်း အင်းကွက်ချရမည်။




(၃၅)

ယင်းသို့ အင်းကွက် ချပြီးနောက် အောက်ပါအတိုင်း အင်းဆန်များ ရေးသွင်းရမည်။

ပထမ ....အလယ် (၈) ကွက်၌ (ရွ,သ,ဥ,က)ကို ပုံတွင် ပြထားသည့်အတိုင်း (၂)တန်း ရေးရမည်။

ဒုတိယ ....ထောင့်(၄)ကွက်တွင် 'နှ, လ, ယ, ဂ, ကို ရေးသွင်းရမည်။

တတိယ ....အရန်ဂါထာမန္တန်ကို ရေးရမည်။

စိုက်ပျိုးသောအခါ စိုက်ပျိုးမည့်အိုးတွင် ယင်းအင်းကို အောက်မှခံ၍ 'သမ္ဗုဒ္ဓေ' ဂါထာကို (၁၀၈)အုပ် စုတ်ပြီး စိုက်ရမည်။ နေ့စဉ်နေ့တိုင်း ရေလောင်းသောအခါ၌လည်း 'သမ္ဗုဒ္ဓေ'ကို (၉)ခေါက် ရွတ်ဆိုပြီး ရေလောင်းရမည်။

## အညွှန်း

– သူပြု,လူပြု,သူကြံ,လူကြံ အမှောင့်ပယောဂ ဟူသမျှ ကင်းစင်မည်။

– ရေ,မင်း,မီး,ခိုးသူ, မချစ်မနှစ်သက်သူ ဟူသော ရန်သူမျိုး(၅)ပါးတို့၏ အန္တရာယ်မှ အကာအကွယ်

ပေးမည်။ အထူးသဖြင့် ခိုးသား၊ ဓားပြအန္တရာယ်မှ စိတ်ချရမည်။ ဘေးရန်ဟူသမျှ လုံမည်။

- အိမ်သူ အိမ်သား အားလုံး ကျန်းမာ ရွှင်လန်းမည်၊ ရောဂါဝေဒနာ ကင်းမည်။
- လူအများအပေါ်၌ ဩဇာတိက္ကမရှိမည်။ အများထက် ထူးကဲသည့် အရည်အသွေးတစ်ခုခုကို ရရှိလာလိမ့်မည်။

'အန္တိမဆာယာ'ကိုပင် ပေးစွမ်းနိုင်သည်ဟု အညွှန်းပြုထားသော အင်းဂမုန်း အနက်ဖြစ်သည်။

....၀....

## ပီယသျှုံအတွက်

## အံဆောင်မှန်းပေါင်း အစီအရင်

## စီရင်နည်း စီရင်တန်

၁။ နတ်ဝင်သည် ပန်သော ပန်း

၂။ အရှုးမ ပန်သော ပန်း

၃။ မုဆိုးမ ပန်သော ပန်း

၄။ နတ်စင်မှ ပန်း

ဤပန်း ၄ မျိုးကို ညက်စွာကြိတ်၍ အတောင့် ပြုထား ရမည်။

## အစုတ် ဂါထာမန္တန်

ထို့နောက် နတ်စင်မှာ အောက်ပါ ဂါထာမန္တန်ဖြင့် (၃၇) အုပ် စုတ်ရမည်။

ဥုံ နတ်ဝင်မ ကြသတည်း၊ အရှုးမ ကသတည်း၊ မုဆိုးမ ထသတည်း၊ ရွာဦးနတ် ကပ်သတည်း၊ ကြ လည်း ဆရာကြ၊ ကလည်းဆရာ က၊ ထလည်း ဆရာ ထ၊ ကပ်လည်း ဆရာ ကပ်။

အစုတ်ဂါထာမန္တန်ကို ရွတ်ဆိုသောအခါ ပီပီပြင်ပြင် ကျကျနန ရွတ်ဆိုဖို့ သတိပြုပါ။

## အညွှန်း

.... ဤဆေးကို ဆောင်ပါက ပီယသျှကြွင် အတုမရှိ အစွမ်းထက်မြက်လှသည်။

.... ယောကျ်ားမိန်းမ ၂ ဦးလုံးအတွက် သုံးနိုင်သည်။

.... ကိုယ်ဓါတ်သွေးနှင့်ရောရှ ခပ်ဆေးအဖြစ်ဖြင့် ခပ်ပါက ပို၍ ပို၍ လက်ငင်းအစွမ်းပြသော ဆေးဖြစ်သည်။

ညာဏ်ရှိတိုင်း အမျိုးမျိုးချဲ့တွင် သုံးစွဲနိုင်သော ဆေးဖြစ်သည်။ သို့သော် သစ္စာရှိဖို့တော့ သတိပြုပါလေ။

× × ×


တိုးတက်ကြီးပွားကာ ချီးမြှင့် မှ,စမည့်သူများ

ပေါ်ပေါက်လာစေနိုင်သော

**ဘောဂဗ်ကြီးဂမုန်း စိုက်ပျိုးနည်းအစီအရင်**

စီရင်နည်း စီရင်ဟန်

ဘောဂကြီးဂမုန်းကို ဝိဇ္ဇာယာနပညာ အစီအရင်ဖြင့် စိုက်ပျိုးလိုပါက ငွေပြားတွင် အောက်ပါအတိုင်းအင်းကွက် ချရမည်။



(၃၃)

ယင်းသို့ အင်းကွက်ချပြီးနောက် —

.... အပေါ် (ဝဲ) .... 'စ ဇ ဗ ဝ'

.... အပေါ် (ယာ) .... 'ဇ ဂ သ ယ'

.... အောက် (ဝဲ) .... 'ဏ က သ ယျ'

.... အောက် (ယာ) .... 'မ ဓ လ ဖ'

အသီးအသီး အင်းဆန်များသွင်းရမည်၊ ပြီးလျှင် အောက်ပါ ဂါထာမန္တန်ဖြင့် အထက်ပါပုံအတိုင်း အင်းကို အရံအဖြစ် ရေးရမည်။

## အရံ ဂါထာမန္တန်

သိဒ္ဓိ နမော ဗုဒ္ဓါယ

မဟာဘောဂတိ ဥမ်

ဤ အရံဂါထာမန္တန်ကို ရေးပြီးနောက် စိုက်ပျိုးမည့် အိုးတွင် ယင်း အင်းကို အောက်မှခံ၍ စိုက်ပျိုးရမည်။

စိုက်ပျိုးစဉ်အခါ ဤအရံ ဂါထာမန္တန်ကို (၉)ခေါက် ရွတ်ဆို၍ စိုက်ပျိုးရမည်၊ စိုက်ပျိုးပြီးနောက် ယင်း ဂါထာမန္တန်ကိုပင် (၉)ခေါက် ရွတ်ဆို၍ ရေလောင်းရမည်။

နေ့စဉ် မှန်မှန်လည်း ယင်းဂါထာကိုရွတ်ဆို၍ ရေလောင်းရမည်။

## အညွှန်း

.... 'ဘောဂကြီး' ဟု အမည်ပေးထားသည့် အတိုင်း ဤ ဂမုန်းကို ဂရုတစိုက် စိုက်ပျိုးထားရှိဖြင့် သိသိသာသာကြီး အကျိုးပေးလာလိမ့်မည်။

.... အလုပ် အကိုင် ကြီးမားတိုးတက်မည်၊ အကြံအစည် အောင်မြင် ထမြောက်မည်။

.... သူတစ်ပါးတို့၏ ယုံကြည်အားထားမှုကို ခံယူရမည်၊ ယုံကြည်ကိုးစားမှု ခံယူရသလောက် ချီးမြှောက် မ,စမည့် သူများလည်း ပေါ်ပေါက်လာမည်။

.... စီးပွားဥစ္စာ သိသိသာသာကြီး ဖြစ်ထွန်း အကျိုး ပေးလာလိမ့်မည်။

သို့သော် ဘောဂကြီးကို စိုက်ပျိုးပြီး ပစ်စလက်ခတ် လုပ် မထားပါနှင့်၊ အရွက်အခက်များ အမြဲတမ်း ဝေဆာ လန်း ဆန်းနေအောင် နေ့စဉ်မှန်မှန် ရေလောင်းပါ၊ အမြဲတမ်း ဂရုတစိုက် ကြည့်ရှုပါ။

အရွက်အခက်များ ဝေဝေဆာဆာ လန်းလန်းဆန်းဆန်း ရှိသလောက် စီးပွားဥစ္စာ တိုးတက်လာမည်ကို ဂရုစိုက်ပါ၊ အကယ်၍ အခက်များ ဝေဆာမှု နည်းပါးလာပါက အထူး ဂရုစိုက်၍ ဝေဆာလာအောင် ပြုလုပ်ပါလေ။

....ဝ....

သားဆု၊ သမီးဆု ပန်၍ရသော

ရှင်သူငယ်ကလေး ဂမုန်း စိုက်မျိုးနည်း အစီအရင်

ဝီရင်နည်း စီရင်ဟန်

ရှင်သူငယ်ကလေး ဂမုန်းကို ဝိဇ္ဇာယာနှ အစီအရင်ဖြင့် စိုက်ပျိုးလိုပါက ဥပြေးတွင် အောက်ပါအတိုင်း အင်းချ ရမည်။

ဟင်းအင်းတွင် ကြီးလေးကြီးကို အင်းဆန်အဖြစ် အောက်ပါအတိုင်း ရေးသွင်းရမည်။

| | | | |
|---|---|---|---|
| | ဏ | ဃ | |
| ည | ငု | ဏ | ငု |
| ဃ | ည | ဃ | ဏ |
| | ငု | ည | |

(၃)

**အင်းဆန်**

ဏ ငု ည ဃ

ယင်း ကြီးလေးကြီးကို အင်းဆန်အဖြစ် သွတ်သွင်းပြီးနောက် စိုက်ပျိုးမည့် အိုးတွင် ယင်းအင်းကို အောက်မှခံ၍ စိုက်ပျိုးရမည်။

စိုက်ပျိုးစဉ် အောက်ပါ ဂါထာမန္တန်ကို ရွတ်ဆိုပြီး စိုက်ပျိုးရမည်။

**ဂါထာမန္တန်**

သံကိစ္စော စောဂု ဒမနော၊
သစ္စ သံယောဇနက္ခယော။

ပါလေတု မေ သဗ္ဗဘယာ၊
သောတ္ထိ၊ ဂျာရောဂျံ ဒဒါတု မေ။

ယင်း ဂါထာမန္တန်ကို ရွတ်ဆိုသောအခါ ဥုံမခံဘဲ ရွတ်ဆိုရမည်၊ ထို့ပြင် နေ့စဉ် ရေလောင်းရမည်၊ ရေလောင်းသော အခါ၌လည်း အထက်ပါ ဂါထာကို (၇)ခေါက် ရွတ်ဆို၍ ရေလောင်းရမည်။

**အညွှန်း**

- သားသမီး ရလိုပါက သားဆု သို့မဟုတ် သမီး ဆုပန်ပါ၊ ပတ္ထနာပြုပါ၊ ပတ္ထနာပြုသည့်အတိုင်း ရရှိနိုင်သည်။
- စီးပွား လာဘ်လာဘများ တစ်နေ့တခြား တိုး တက်လာမည်။
- တိုးတက်လာရုံသာမက တိုးတက်လာသော စီး ပွား ဥစ္စာများလည်း တည်တံ့ ခိုင်မြဲမည်။
- ဘေးရန် အန္တရာယ် အမျိုးမျိုးကို ကာကွယ်မည်။
- မိမိ လိုအင်ဆန္ဒနှင့်လည်း ပြည့်စုံနိုင်သည်။

သို့သော် စီရင် စိုက်ပျိုးသောအခါ ဝိဇ္ဇာယာန အစီအရင် များအတိုင်း သေချာ ကျနဖို့ လိုသည်။

# ဂါထာမန္တန် အစီအရင်ကဏ္ဍ

မယ်ပြိုင်ပွဲ၊ မောင်ပြိုင်ပွဲ၊ ဘောပွဲ၊ လက်ဝှေ့ပွဲ

စသော အပြိုင်အဆိုင် ဟူသမျှ

အောင်မြင်နိုင်သော

**တစ်ပွဲတိုး ညောင်ရွက် အစီအရင်း**

စီရင်နည်း စီရင်ဟန်

လက်လှမ်းမီရာ ညောင်ရွက် တစ်ရွက်ကို လက်ပြန်ခူး၍....

- ဘယ်လက်နှင့် ကိုင်
- ညာလက်ညှိုးဖြင့် ညောင်ရွက်တွင် 'အသေဇေ' ဟု ရေးရမည်။

ပြီးလျှင်....

'ဥုံ အဂ္ဂါဗြာ မသ္မိ လောကဿ' ဟု ဆို၍ ရင်း ညောင်ရွက်နှင့် မျက်နှာကို နဖူးမှ မေးစေ့သို့ သပ်ချရမည်။

ထို့နောက် 'ဥုံ သေဋ္ဌောဟ မသ္မိ လောကဿ' ဟုဆို၍ တစ်ဖန် အလားတူ သပ်ချရမည်။

ထို့နောက် 'ဥုံ ဇေဋ္ဌောဟ မသ္မိ လောကဿ' ဟုဆို၍ အလားတူ ထပ်ပြီး သပ်ချရမည်။

အညွှန်း

- ယင်းသို့ ၃ ကြိမ် သပ်ချပြီးလျှင် ယင်းညောင်ရွက်ကို သျှောင်ရှိက သျှောင်မှာ လိပ်၍ ထိုးရမည်၊ သျှောင်မရှိက အင်္ကျီအိတ်တွင်ထည့်၍သွားရမည်။
- အဟာန့် အမောင်း တောင်းလှသည်၊ ရန်ရှိက ရန်လည်း ရှဲသည်။
- တရားပြိုင်လျှင် မိမိက အနိုင်ရသည်။
- မင်းစိုးရာဇာမှစ၍ မိမိ၏စကားကို နာယူရသည်။
- ပြောဆိုသမျှ အောင်မြင်သည်။
- မောင်,မယ်ရွေးပွဲ၊ ဘောပွဲ၊ လက်ဝှေ့ပွဲ၊ အပြေးပြိုင်ပွဲ၊ ဘော်လီဘော၊ ဘုတ်စကက်ဘောပွဲ၊ မြင်းပွဲစသော ပြိုင်ပွဲဟူသမျှ၌ အသုံးပြုနိုင်သော အစီအရင်ဖြစ်သည်။

ဤညောင်ရွက် အစီအရင်မှာ တစ်ပွဲထိုးသာ ဖြစ်သည်၊ နောက်တစ်ဖန် ကိစ္စတစ်ခု ကြုံလာပြန်လျှင်လည်း ဤနည်းအတိုင်း ပြန်စီရင်ရမည်။

## တစ်ပဲ့ပြန်

## ထုံးမန်းအစီအရင်

### စီရင်နည်း စီရင်ဟန်

ထုံးအနည်းငယ်ကို လက်ညှိုးနှင့် ကော်၍ အောက်ပါ ဂါထာမန္တန်ဖြင့် ၃၇ အုပ် မန်းရမည်။

ဦး ထိထုံ ထာထုံ၊ အဏ္ဏာမတ္တ သမေထုံ၊ ထိထုံ အာထုံ၊ ထုံဆရာထုံ။

ပြီးလျှင် ယင်းမန်းထားသော ထုံးကို ရွေးကြီးခန့် ၃ လုံး လုံး၍ ဘုရားတစ်လုံး၊ တရားတစ်လုံး၊ သံဃာတစ်လုံး မျိုရမည်။

ထိုအခါ ထုံး၏အရသာသည် ခါးလျှင် ခါးရမည်၊ မခါးလျှင် ချိုရမည်။

### အညွှန်း

- မမျိုမီက မိမိကိုယ်ကို ကြိုးနှင့်တိုင်းထားရမည်၊ မျို ပြီးလျှင် ကိုယ်သည် အနည်းဆုံး လက်နှစ်သစ်၊ သုံးသစ် တိုးလာလိမ့်မည်။

– ထိုအခါ အပ်ကို အပ်ချည်တပ်၍ လက်မှာဖြစ်စေ၊ ခြေမှာဖြစ်စေ အရေပြားကို ချုပ်ကြည့်က မနာဘဲ အချုပ်ခံနိုင်ရမည်။

– ဤထုံးမန်းမှာ တုတ်နှင့် အရိုက်ခံနိုင်သော တစ်ပွဲ မြန် ထုံးမန်းဖြစ်သည်။

သို့သော် ကာယအတွက် သုံးပါးက အပ်နှင့်ချုပ်မကြည့်ဖို့ သတိပြုပါ။

....o....

## မြွေကိုနင်းမိသော်လည်း မြွေမကိုက်သော မြွေဟန့် အစီအရင်

စီရင်နည်း စီရင်ဟန်

လမ်းခရီး သွားတော့မည် ဆိုလျှင် သွားမည့် ဘက်သို့ မျက်နှာမူကာ ဆောင့်ကြောင့်ထိုင်၍ လက်ဝါးနှစ်ဖက်ကို ဖြန့်လျက် အသက်အောင့်ပြီးလျှင် အောက်ပါ ဂါထာမန္တန်ဖြင့် ၇ အုပ် မန်းရမည်။

ဂါထာမန္တန်

ဥုံ အာဒိစိဒသ သေဗိစိ ပို သွာဟာယျ။

အညွန်း

- မန်း၍ ၇ ဆုပ်စေလျှင် လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ရမည်။
- ပြီးလျှင် ဘယ်ဘက် လက်ဝါးဖြင့် ဘယ်ဘက်ခြေကို သုံးကြိမ် သပ်ရမည်။ ညာလက်ဝါးဖြင့် ညာဘက်ခြေကို သုံးကြိမ် သပ်ရမည်။
- ယင်းသို့ သပ်ပြီးမှ လိုရာခရီးကို သွားရမည်၊ မြွေဟန့်အဖြစ် အစွမ်းထက်မြက်လှသည်။
- လမ်းခရီး၌ မိမိ၏ခြေသံကို ကြားရုံဖြင့် မြွေသည် ပြေးသော်လည်း ပြေးရမည်။
- မပြေးသာ၍ ပြေးရန် အချိန်မရသော်လည်း မိမိအား မကိုက်နိုင်ပြီ။
- အကယ်၍ မြွေကို တက်၍ နင်းမိသည့် တိုင်အောင် ယင်းမြွေက မိမိအား မကိုက်နိုင်။

လှယ်လှန်းသဖြင့် မယုံမကြည်မရှိလေနှင့်၊ အလေးအနက် ယုံယုံကြည်ကြည် စိတ်ချလက်ချ စီရင်ရမည်။

× × ×

လာဘ်ခေါ်

ကြက်မှင်း ဂါထာမန္တန်အစီအရင်

စီရင်နည်း စီရင်ဟန်

ဆန်ကို အောက်ပါ ဂါထာမန္တန်ဖြင့် (၃၇)အုပ် မန်း၍ ကြက်ကို ကျွေးရမည်။

ဂါထာမန္တန်

ဥုံ အအအအ ကကကက ဝဝဝဝ ဒိဝါ စ ရတ္တိံ စ ခမတိ။

အညွှန်း

.... ယင်းသို့ ကျွေးပြီးနောက် ထိုကြက်မျက်နှာမူ၍ တွန်ရာ အရပ်မှ ကောင်းကျိုးတစ်ခု ရောက်လာလိမ့်မည်။

.... လာဘ် ဝင်လာမည်၊ အလုပ်အကိုင် တစ်ခုခု အကျိုး ဖြစ်တွန်းအောင် ရရှိလာမည်။

အလွန့်လွယ်လွန်း၍ ပေါ့ပေါ့တန်တန် သဘောမထားလေနှင့်၊ အလေးအနက် ယုံယုံကြည်ကြည် စီရင်ပါလေ။

## ရန်အောင်၍ မျက်နှာပွင့်လန်းသော ယုန်မင်း ဂါထာမန္တန် အစီအရင်

### စီရင်နည်း စီရင်ဟန်

လမ်းခရီး ထွက်တော့မည်ဆိုလျှင် သွားလိုရာ အရပ်ကို မျက်နှာမူကာ ခြေစုံရပ်၍ အောက်ပါ ဂါထာမန္တန်ဖြင့် လက်ဝါးကို (၇)အုပ်မှုန်းပြီး မျက်နှာကို သုံးကြိမ် သပ်ပြီးမှ ခရီးထွက်ရမည်။

### ဂါထာမန္တန်

ဥုံ တုဋ္ဌေဟိ တုဋ္ဌေဟိ မဟာတုဋ္ဌေဟိ၊ မေတ္တာယ မေတ္တာယ ပီယေန ပီယေန ဗောဓိသတ္တော သတော သတော ဣဟွတ်ဟွတ်။

### အညွှန်း

.... ရှေးကာလက ဘုရားအလောင်းတော် ယုန်မင်းကဲ့သို့ ... 

.... မျက်နှာပွင့်လန်း၍ လူတိုင်း၏ ချစ်ခင် လေးစားမှုကို ခံရမည်။

.... ယင်းချစ်ခင် လေးစားမှုကို မိမိက အသုံးချတတ်ရမည်၊ ဥပမာ ပိယသျှိ ဖြစ်စေ၊ ရာဇသျှိ ဖြစ်

စေ၊ စီးပွားရေး အလုပ်အကိုင် တစ်ခုခုကို ဖြစ်စေ အောင်မြင်အောင် အသုံးချတတ်ဖို့ကို ဆိုလိုသည်။

လမ်းခရီးထွက်သူများ အနေဖြင့် လွယ်လွယ်နှင့် အကျိုးထိရောက်သည့် အစီအရင် ဖြစ်သည်။

....၀....

တစ်ပွဲပြန် ဇရက်ကောင်းမန်းဂါထာ အစီအရင်

စီရင်နည်း စီရင်ဟန်

ဇရက်ကောင်းစိမ်းကို အောက်ပါ ဂါထာ မန္တာန်ဖြင့် (၁၀၀၀)ပြည့်အောင်မန်း၍ ထားရမည်။

ဂါထာမန္တာန်

ဥုံ ကြိန္ဒိန္ဒုံ ဒိဗ္ဗံ သွားဟ။

အညွှန်း

.... မိမိအသုံးပြုလိုသော အခါ၌ ယင်းဇရက်ကောင်းကို ဘုရားတစ်လုံး တရားတစ်လုံး သံဃာ တစ်လုံး ရည်စူး၍ မျိုပါ။

.... တစ်ပွဲပြန်ကောင်းလှ၏၊ လက်တွေ့နည်းတည်း။

ဤအစီအရင်မှာ လွယ်လွန်းလှသည်၊ လွယ်လွန်းသဖြင့်မယုံမကြည် မရှိဖို့တော့ သတိပြုရမည်။

....၀....

ဓမ္မြကိုင်၊ မြေဝင်၊ မှင်၊ ပျောက်ကင်းသော

ထုံးနန္ဒင်းမန်း အစီအရင်

စီရင်နည်း စီရင်ဟန်

စနေနေ့၌ ထောင်းသော နန္ဒင်းမှုန့် စစ်စစ်ကို စနေနေ့တွင် စနေသား ဝယ်လာသော ထုံးနှင့် ပျစ်ပျစ်ဖျော်ရမည်။

အစုတ် ဂါထာမန္တန်

ထို့နောက် အောက်ပါ အစုတ် ဂါထာမန္တန်ဖြင့် (၁၃) အုပ် စုတ်ရမည်။

ဥုံ ထုံးဖြူ သူမသိ၊ ထုံးဝါ ငါမသိ၊ ထုံးနန္ဒင်း ရှင်းမသိ၊ ပြောက်အေးစုန်း ပုပ္ပတ္တာ သွာဟာယ်ယျ သွားဟာယ်ယျ။

အညွန်း

.... အရောင်၊ အရမ်း၊ အကိုက်အခဲ မှန်သမျှ ၌ ထုံးနန္ဒင်းနှင့် လိမ်းရမည်။

.... မြေကိုင်၊ မြေဝင်၊ မှင်က အစ လိမ်းရုံဖြင့် ကျိန်းသေ ပျောက်ကင်းသည်။

ညာဏ်ရှိတိုင်း အမျိုးမျိုး ချဲ့ထွင် အသုံးပြုနိုင်သည်။

....o....

ခွေးဟန့်စွမ်းလှသော
ဂဲမန်း အစီအရင်

စီရင်နည်း စီရင်ဟန်

ဂဲ သုံးလုံးကို ကောက်ယူပြီးလျှင် အောက်ပါ ဂါထာ မန္တန်ဖြင့် (၇)အုပ် မန်းရမည်။

ဂါထာမန္တန်

ဦ ပတ္တော စ ပါတောပိတ်။

အညွှန်း

- ခွေးကိုက်တတ်သော ခရီးသို့ လမ်းခရီး ထွက်ရပါက ယင်း ဂဲ သုံးလုံးအနက် တစ်လုံးကို သွားမည့် လမ်းဖက်သို့ ပစ်လိုက်ရမည်။
- တစ်လုံးကို အင်္ကျီအိတ်ထဲ၌ ထည့်ထားရမည်။
- ကျန် တစ်လုံးကို ညာလက်ဖြင့် ကိုင်၍ သွားရမည်။

မည်မျှလောက် ဆိုးသွမ်းသော ခွေးဖြစ်သော်လည်း မိမိအား ကိုက်လည်း မကိုက်ဝံ့ပေ၊ ဟောင်ရုံမျှပင် မဟောင်ဝံ့ပေ။

...၀...

## အကာအကွယ် အစွမ်းထက်မြက်လှသော ကွမ်းယာမန်း အစီအရင်

### စီရင်နည်း စီရင်ဟန်

ကွမ်းရွက်စိုင်းစိုင်း အကြောဆိုင်ကို ကွမ်းသီး၊ ဆေး၊ ထုံး သင့်ရုံ ထည့်၍ ယာပြီးလျှင် အောက်ပါ ဂါထာမန္တန်ဖြင့် (၇)အုပ် မန်းရမည်။

### ဂါထာမန္တန်

ဥုံ စနေစနဲ၊ လက်ဝဲ လက်ယာ၊ မာတာရာ မာတြိ၊ ဇော်ဂနီ ဇော်ဂနဲ၊ ရှလွဲ ရှလွဲ၊ ရဲလေယျ ရဲလေယျ၊

### အညွှန်း

- လမ်းခရီးသွားလျှင် မန်းပြီးသော ယင်း ကွမ်းယာကို ညာဖက် လက်တွင် ဆုပ်၍ သွားရမည်၊ ဓါးကာအကွယ်အတွက် အစွမ်းထက်မြက်လှသည်။
- အပြန်တွင် ယင်းကွမ်းယာကို မိမိ၏ အိမ်ရှေ့ ရောက်သည်နှင့် ဗွန်ပစ်ရမည်။

အထူး သတိပြုရန်မှာ ယင်းကွမ်းယာကို နှုတ်တွင်လည်း မငုံရ၊ စားလည်း မစားရပေ။

## ပိယသိဒ္ဓိ ပိယသျှိ

## ကွမ်းယာမန်း အစီအရင်

## စီရင်နည်း စီရင်ဟန်

ကွမ်းရွက် အကြောတိုင်ကို ရွေး၍ ကွမ်းသီး ဆေး ထုံး သင့်ရုံထည့်ကာ ယာပြီးလျှင် အောက်ပါ ဂါထာမန္တန်ဖြင့် ၇ အုပ် မန်းရမည်။

### ဂါထာမန္တန်

ဥုံ ဒေဝီ ဒေဝီ ဟေယျ ဟေိဿိ၊ သောတုကျာသာ ယသာ နက္ခမတိ၊ သော ဘုာသောယျ။

### အညွန်း

- လမ်းခရီးသွားလျှင် ယင်းကွမ်းယာကို နှုတ်တွင်ငုံ၍ သွားရမည်၊ သွားလေရာ-ရောက်လေရာ နေရာဒေသတွင် မျက်နှာ ပွင့်လန်းမည်၊ လူချစ် လူခင် များမည်။
- မိမိ အလိုရှိသော အမျိုးသမီးနှင့် စကားပြောပါက ပြောသမျှစကား အောင်မြင်မည်။

ဤအစီအရင်မှာ ပိယသိဒ္ဓိ သက်သက်ဖြစ်သည်၊ သစ္စာရှိဖို့လိုသည်၊ ကာမေသုကို အထူး ရှောင်ကြဉ်ဖို့ လိုသည်။

× + ×

ပယောဂဆီမန်း

ဂါထာ မန္တန် အစီအရင်

စီရင်နည်း စီရင်ဟန်

နှမ်းဆီစစ်စစ် ဆုံဆီကို မဆစ်ဘဲ ဝယ်ရမည်၊ ရသလောက်နှင့် ကျေနပ်ရမည်။

ယင်း မဆစ်ဆီကို ကြေးဖလားဌ့ထည့်၍ အောက်ပါ ဂါထာမန္တန်ဖြင့် ၃၇ အုပ် မန်းရမည်။

ဂါထာမန္တန်

ဥုံ ခြသေ့ ဟိုင်းဆိုး၊ ဂဠုန် နဂါး၊ ကျားမင်း ကြက်မင်း၊ ဆင်ပူးချင်း၊ သင်းအတတ် သင်သို့သတ်သည်၊ သင်းအတတ် သင်းသို့ ပြန်ဆရာပြန်၊ သြဘေစုံ ပုပ္ပတ္တာ သွာဟ။

အညွှန်း

- ပယောဂသူပြု လူပြုကို ယင်းဆီမန်းဖြင့် လိမ်းသပ်ချရမည်။
- မြွေကိုက်လျှင်လည်း ယင်းကဲ့သို့ လိမ်းသပ်ရမည်။
- ပယောဂမဟုတ်ဘဲ သွေးရိုးသားရိုး အကြောတင် အကြောလွဲများကိုလည်း ယင်း ဆီမန်းဖြင့်ပင် လိမ်းသပ်ချနိုင်သည်။

ဤ အစီအရင်မှာ ပယောဂ အစီအရင် ဖြစ်သော်လည်း ပယောဂ မဟုတ်သည့် သွေးရိုး သားရိုး ရောဂါဝေဒနာ များကိုလည်း ညက်ရှိတိုင်း ချွတ်၍ အသုံးပြုနိုင်သေးသည်။

....၀....

တုတ်, ခါး တစ်ပွဲပြန်

ရွှေတ်ကောင်းမန်း အစီအရင်

စီရင်နည်း စီရင်ဟန်

ရေမြုပ် ရွှေတ်ကောင်း သုံးစေ့ကို အောက်ပါ ဂါထာ မန္တန်ဖြင့် (၃၇)အုပ် မန်းရမည်။

ဂါထာမန္တန်

ဥုံ နရိန္ဒ–နုန္ဒိန္ဒ၊ သသိသု–သုသိသ၊ ညညိည–ညုညိည၊ ခခိခု–ခုခိခ၊ န သ ည ခ ဥုံ။

အညွှန်း

– ယင်း ရွှေတ်ကောင်းစေ့ ၃ စေ့ကို ဘုရားတစ်လုံး၊ တရားတလုံး၊ သံဃာ တစ်လုံး အာရုံပြု၍ မျိုရမည်။

– တစ်ပွဲပြန် အတွက် တုတ်, ခါး ပြီးသည်။

ဘုရား၊ တရား၊ သံဃာကို အာရုံပြုလျှင် ပေါ့ပေါ့တန်တန် မပြုပါနှင့်၊ လေးလေးနက်နက် အာရုံပြုရမည်၊ ယုံကြည်စိတ်ချစွာလည်း သုံးစွဲရမည်။

....၀....

လက်တွေ့ ပယောဂ

ရေမန်း အစီအရင်

စီရင်နည်း စီရင်ဟန်

ရေသန့်သန့်ကို အောက်ပါ ဂါထာမန္တန်ဖြင့် (၃၃)အုပ် မန်းရမည်။

ဂါထာ မန္တန်

ဦ၊ သေသာ ဗျည္ဇနာ၊ အံမပါ၊ ဓရာ သုံးဆယ့်နှစ်၊ ခေတ်စစ် လေးပါး၊ သိဒ္ဓိပြားသည်၊ ခေတ်သွားအရ၊ က, စ, ဋ, တ, ပ, ယ, ရ, သ, လ, ဝ, သ, ဟ, ဠ, အစိညာဏတ်၊ နိဂ္ဂဟိတ်၊ သမံ အံ အံ။

အညွန်း

— စုန်း ပယောဂမှ စ၍ ပယောဂ မှန်သမျှ ယင်းရေမန်းကို တိုက်ရမည်။

အညွှန်း

- ဤဂါထာဖြင့် မန်းလိုက်ပါက မည်မျှသောက်ကြမ်းသော ဖုတ် တစ္ဆေ ဖြစ်စေကာမူ ချက်ချင်းပြေးရမည်။

- သူရဲ့ တစ္ဆေ ဝင်ပူး သောင်းကျန်း နေပါက လည်း ဤဂါထာဖြင့်ပင် အဆက်ပါနှုတ်ခိုင်း (၁၇)အုပ် မန်းရမည်။ ချက်ချင်း ထွက်သွားလိမ့်မည်။

ဤဂါထာမှာ ပယောဂ သက်သက်ဖြစ်၍ ပယောဂနှင့် ပတ်သက်သမျှ ဉာဏ်ရှိသလို အမျိုးမျိုး ချဲ့ထွင် သုံးစွဲနိုင်ပေသည်။

...၀....

ဥစ္စာစီးပွား လာဘ်လာဘခေါ်ယူသော

ဆန်မန်း အစီအရင်

စီရင်နည်း စီရင်ဟန်

ဆန် လက်တစ်ဆုပ်ကို ယူပြီးလျှင် ဆန်ကောတွင် ထည့်၍ အောက်ပါ ဂါထာမန္တန်ဖြင့် (၇)အုပ် မန်းရမည်။

-- အကယ်၍ တိုက်မရဘဲ၊ မသောက်ဘဲ နေပါက ယင်း ရေမန်းဖြင့် ပက်တန်က ပက်ရမည်။ ဖျန်းတန်က ဖျန်းရမည်၊ သောက်တန်က သောက်ရမည်၊ မည်သည့် ပယောဂမှ မခံနိုင်။

ဤမျှသာမဟုတ်မချင်း ရေသည် မကုန်ခန်းနိုင်သကဲ့သို့ ဉာဏ်ရှိတိုင်း သုံးစွဲ၍ မကုန်နိုင်သော ရေမန်းတည်းဟု မှူရင်းပေစာ၌ အမှာအထား ပြုထားသည်။

....၀....

## ဖုတ်ဝင်လျှင် နှင်ထုတ်ရန်

## ဖုတ်မြေး ဂါထာမန္တန် အစီအရင်

## စီရင်နည်း—စီရင်ပုံ

လူနာကို အကယ်၍ ဖုတ် တစ္ဆေ မှီကပ်နေသည်ဟု အထင်ရှိလျှင် ငယ်ထိပ်မှ ဆံပင်ကို ခွဲ၍ အောက်ပါ ဂါထာမန္တန်ဖြင့် (၃၃)အုပ် မန်းရမည်။

## ဂါထာမန္တန်

ဥုံ သမ္ဗုဒ္ဓေါ သမ္ဗုဒ္ဓေါ၊ သဗ္ဗေ ဗုဒ္ဓါ၊ သဗ္ဗေ ဓမ္မာ၊ သဗ္ဗေ သံဃာ၊ သဗ္ဗေ ဒေဝါ၊ ခမတိ၊ သော သော သ သ အ အ နီ နီ၊ ဂစ္ဆာဟိ ဂစ္ဆာဟိ၊ အမုမို့ ပြေကာသေ တိဋ္ဌာဟိ။

အညွန်း

- ဤဂါထာဖြင့် မန်းလိုက်ပါက မည်မျှသောက်ကြမ်းသော ဖုတ် တစ္ဆေ ဖြစ်စေကာမူ ချက်ချင်း ပြေးရမည်။

- သူရဲ, တစ္ဆေ ဝင်ပူး သောင်းကျန်း နေပါက လည်း ဤဂါထာဖြင့်ပင် အဆက်ပါနှုတ်ိုင်း (၃၇)အုပ် မန်းရမည်။ ချက်ချင်း ထွက်သွား လိမ့်မည်။

ဤဂါထာမှာ ပယောဂ သက်သက်ဖြစ်၍ ပယောဂနှင့် ပတ်သက်သမျှ ညာဏ်ရှိသလို အမျိုးမျိုး ချဲထွင် သုံးစွဲနိုင်ပေသည်။

...ဝ....

ဥစ္စာစီးပွား လာဘ်လာဘခေါ်ယူသော

တန်ခိုးမန်း အစီအရင်

စီရင်နည်း စီရင်ဟန်

ဆန် လက်တစ်ဆုပ်ကို ယူပြီးလျှင် ဆန်ကောတွင် ထည့်၍ အောက်ပါ ဂါထာမန္တန်ဖြင့် (၇)အုပ် မန်းရမည်။

## ဂါထာမန္တန်

၃၂။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း နားသတည်း၊ ဘုမ္မာဒေဝ မနုဉစ္စာ ဝိုဠ် လာသတည်း။

ထိုနောက် ယင်း ဆန်ကော်နှင့်ပင် အိမ်ရှေ့တွင် ချ၍ ငှက်များကို ကျွေးရမည်၊ ငှက်စားပြီး၍ ကျန်သောဆန်စေ့များကို 'ငွေအိုးမြှုပ်သည်' ဟု ပါးစပ်ဖြင့်ဆိုကာ အိမ်၏ ဥရုတိုင်ခြေမှာ မြှုပ်ရမည်။

### အညွှန်း

- (၇)ရက် အတွင်းမှာပင် လာဘ်ရလိမ့်မည်။
- အလုပ်အကိုင် ပေးသူ၊ အကြံအစည် ပေးသူ၊ ကူညီ စောင့်ရှောက် မစမည့်သူ ပေါ ပေါက်လာလိမ့်မည်။
- ငွေကြေး ထောက်ပံ့ ကူညီမည့်သူ ပေါပေါက်လာလိမ့်မည်။

လာဘ်ခေါ် အစီအရင်ဖြစ်သဖြင့် ငှက်များကိုကျွေးသောအခါ၌ စေတနာဖြူစင်သန့်ရှင်းစွာထား၍ ကျွေးဖို့ကိုသတိပြုပါလေ။

○

### ပိယာချို အတွက်
### မှန်ကူဆေး ခတ်ဆေး ဂါထာအရင်

### စီရင်နည်း စီရင်ဟန်

စနေနေ့ညသန်းခေါင်ကျော်ကျော် အချိန်တွင် ဇဗို့ အလယ်မှ မြာကို လက်ညှိုး,လက်မ နှစ်ချောင်းနှင့် ပါသမျှ ယူရမည်။

ပြီးလျှင် နောက်သို့ တစ်လှမ်းဆုတ်လျက် အောက်ပါ ဂါထာမန္တန်ဖြင့် (၃၇)အုပ် မန်းရမည်။

### ဂါထာမန္တန်

ဥုံ အရှင်ဇဗို့ ပေးပါဆို့ ဗဟိုအလယ်က ဆေး ပိယ—မေတ္တာ ဟရာသက်လုံး ကြိုးသို့ ထုံးသည် — ဆေးစုံ:ပုပ္ပတ္တ သွာဟဲ့။

ထို့နောက် နံ့သာနှစ်ပါး ရေကို ပျစ်ပျစ် သွေး၍ အထက်ပါ မြာနှင့် ရောပြီး အတောင့်ပြုလုပ်ထားရမည်။

ယင်းဆေးတောင့်ကို (၇)ရက် အတွင်း သိမ်ကျွင်းသို့ သွား၍ မေတ္တာသုတ်ကို (၁၀၈)အုပ် ရွတ်ရမည်။

အညွှန်း

.... အသုံးလိုသော် လက်ဝါးကွင်သွေး၍ နဖူး၌ခွန်ကူ ရမည်။

.... ခတ်ဆေးအဖြစ် သုံးလိုပါက ထက်ဝဲ လက်မောင်း သွေးနှင့် စပ်၍ ခတ်ရမည်။

.... သို့မဟုတ် နှုတ်ခမ်းကိုသုတ်၍ စကားဆိုရမည်၊ ဆို သမျှ ကိစ္စပြီးလိမ့်မည်။

ပီယဆေး သက်သက်ဖြစ်၍ သစ္စာလည်း ရှိဖို့လိုသည်၊ ကာမေသုကိုလည်း ရှောင်ကြဉ်ဖို့လိုသည်။

....ဝ...

အန္တရာယ်ကင်း ကလေးသူငယ်

လည်ဆွဲ လက်ဖွဲ့ အစီအရင်

စီရင်နည်း စီရင်ဟန်

ဤအစီအရင်မှာ အောက်တွင် ဖော်ပြထားသည့် အချိန် များအတိုင်း အချိန် တိတိကျကျ မှန်ကန်ဖို့ လိုသည်။

.... ရက်ရာဇာ ကြုံသော တနင်္ဂနွေနေ့ နေထန်းတစ် ဖျားခန့် အချိန်တွင် ငွေပြား၌ 'အ'ကို ခပ်ကြီး ကြီး ရေးရမည်။

.... မွန်းလွဲသည်နှင့် တပြိုင်နက် 'အ'၏ ရှေ့ပိုင်း အတွင်းက 'ရ'ကို ရေးရမည်။

.... နေဝင်ဆဲဆဲ မေးတင်ချိန်တွင် 'အ'၏ နောက် ပိုင်း အတွင်းက 'ဟ'ကို ရေးရမည်။

.... ညဉ့်ဦးမှ စ၍ စောင့်နေပြီး ကောင်းကင်ယံကို ကြည့်နေရမည်၊ ကြယ်ပျံသည်ကို မြင်လျှင် "အ" ၏ နောက်ပိုင်း အပေါ်မှ "ဝလုံး" သေးသေး ကလေး ရေးထည့်ရမည်။

ထိုအခါ "အရယ်" ဟူသော အက္ခရာအပြည့်အစုံ ဖြစ်ပြီ။ ယင်းငွေပြားကို အသင့်ကိုင်လျက် စောင့်နေရမည်၊ ကြက် တွန်သံကြားလျှင် လိပ်၍ လက်ဖွဲ့ ပြုလုပ်ရမည်၊ လက်ဖွဲ့ပြုလုပ် ပြီးနောက် ယင်းလက်ဖွဲ့ကို ဂုဏ်တော် (၁၀၀၀) စုတ်ရမည်။ ယင်းလက်ဖွဲ့ကို သိမ်ဝင်ချည်ကြိုး တပ်၍ ကလေးသူငယ် များ၏ လည်ပင်း၌ ဆွဲထားရမည်။

အညွန်း

.... ဖုတ်, တစ္ဆေ, သူရဲ, စုန်းကဝေ အောက်လမ်း ပညာသည်များ မပြု မကြံနိုင်။

.... အစွဲရှိသူကို ဆွဲပေးက အစွဲ ပြေးသည်။

ပယောဂ အကာအကွယ် အစီအရင် ဖြစ်၍ ပယောဂနှင့် ပတ်သက်၍ ဉာဏ်ရှိတိုင်း ချဲ့ထွင်အသုံးပြုနိုင်သည်။

× × ×

ဗားမဲ့ ဗားတမော့ အစီအရင်ကျမ်း
တတိယတွဲ ပြီးပြီ။